


# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၄

mgyoe.com

mgyoe.com



# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၁၄

pmn0027

1000.00 Ks

mgyoe.com

မိမိုးနှင်း ဝတ္ထုပြဒေသာအမှတ်-၁၄

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၈၁၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၃၃၀၃၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို (ပန်းချီအောင်ကျော်)ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ခု၊ ဇူလိုင်လတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - သစ္စာ

၈၀၈.၈၃

မိမိုးနှင်း။

ဝတ္ထုပြဒေသာအမှတ်-၁၄ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၂၄၁ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀ စင်တီ

(၁) ဝတ္ထုပြဒေသာအမှတ် - ၁၄

mgyoe.com

mgyoe.com

# မာတိကာ


| | |
|---|---|
| ၁။ ရင်ငွေ့တော် | ၁ |
| ၂။ သုံးနှစ်စောင့်ပါ | ၃၇ |
| ၃။ နန်းညွန့်ဒါလီ | ၈၀ |
| ၄။ ကလပ်နှောင် ၀တ္တု | ၁၂၂ |
| ၅။ ငွေလရောင် | ၁၅၂ |
| ၆။ မလုပ်မစား | ၁၇၄ |
| ၆။ ကျား | ၁၈၃ |
| ၇။ မယားထိတော့ | ၂၀၇ |
| ၈။ အာဂလူပျို့ကြီး | ၂၁၂ |
| ၉။ စောမောင်မယ် | ၂၃၂ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရင်ငွေ့တော်

"မေတ္တာခြံ့မှလုံသည်၊ စောင်ဖြူခြံ့၍မလုံ" ဟူသော ဝေါဟာရ ကောလာဟလ ပြောကာကြားကြသော စကားကို ကြားဖူးကြပေလိမ့်မည်။ မေတ္တာ၏ အစွမ်းသတ္တိသည် လူ၏ကောင်းကျိုးချမ်းသာကို ပေးစေတတ်၏။ ယခုအခါ ထူးဆန်းသော စိတ်နှင့် ညို့သည်၊ အိပ်မွေ့ချသည်ဟူသည် တို့သည်လည်း မေတ္တာစိတ်ကြီး၏ ကြီးမားသော တန်ခိုး ဣဒ္ဓိပါတ်ကြီး ပင်ဖြစ်၏။ ထို့ကြောင့် အချစ် ရတနာနှစ်ဦးတို့၏ မေတ္တာထူးကို ကောင်းစွာ ရေးသားဖော်ပြပေလတ္တံ့။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ကျွန်ုပ်တို့၏အရှင်သခင် ရေမြေ့ရှင် သီပေါဘုရင်ကို အင်္ဂလိပ်မင်းများ ဖမ်းဆီးသွားသောအခါ မြို့ရွာမငြိမ် မသက် သူပုန်ရန်များပေါ်ထွက်ကြသည်အနက် အောက်မြန်မာပြည် မုတ္တမဘက် မရမ်းချောင်း ကျောက်ကလပ် ဟူသော အရပ်မှလည်း ဘုန်းကြီးဗိုလ်ဟူသော ဘွဲ့နာမကိုခံလျက် မငဲ့မကွက်၊ မညှာမတာ၊ အဟုတ် ရက်စက် လှစွာသော စားပြသူပုန် ဗိုလ်မှူးကြီးများတို့သည် လူလုံးလူရင်း အတင်း သွတ်ပြီးနောက် ရွာစဉ်တစ်လျှောက် ရှုပ်ရှုပ်ချွံချွံ လုယူတိုက်ဖျက် နှိပ်စက်ကလူ မြို့ကားရွာသူ ဆူပူကြောက်လန့် တုန်လှုပ်လှအောင် ပြုလုပ်ရုံမျှမက အလွန်ကြမ်းတမ်း ရက်ရင်းလှသောသဘောဖြင့် လင်ရှိလင်မဲ့ မရှောင် တိရစ္ဆာန်ဘောင်က

mgyoe.com

mgyoe.com

လာသည့်အလား လင်ရှိမယားကိုပင် ယူလိုယူ၊ လင်နှင့် ကလေးတို့ကို သတ်လိုသတ်၊ မအပ်မရာ ပြုကျင့်သွားလာကာ နေလေ့ရှိကြပေ၏။

တစ်နေ့သ၌ ထိုဘုန်းကြီးဗိုလ်သည် ကျိုက်ထိုနယ်၌ ဝမ်းပဒေါရွာကြီးသို့ ဝင်ရောက်စီးနင်းသောအခါ ဥစ္စာပစ္စည်းများစွာ ကြွယ်ဝချမ်းသာလှသော မောင်သာရ၊ မဖွားမြတို့အိမ်သို့ စီးမိလေရကား၊ ဥစ္စာပစ္စည်းများကို ယူငင်ပြီးလျှင် အိမ်ကို မီးတင်ရှို့ပြီး မဖွားမြကို မယားပြုလိုသောကြောင့် သူ့လင်မောင်သာရကိုသတ်၍ မဖွားမြနှင့် သားလှ မောင်တင့်ဖေ၊ သမီးကလေး မရင်မေတို့ကိုပါ တစ်ခါတည်းခေါ်သွားလေ၏။ ထိုအခါ ကလေး သူငယ်များတို့သည် များစွာကြောက်ရွံ့တုန်လှုပ်လျက် ထိုသူများခေါ်သွားရာသို့ လိုက်ပါသွားရသဖြင့် ကုလားချောင်းရွာသို့ ကျရောက်သောအခါ ကလေးများတို့သည် မသွားနိုင်အောင်ပင် ခြေဖဝါးများ ကျိန်းစပ်လျက် မရပ်တည်နိုင်ဘဲ ရှိလေ၏။ သို့သော် မသနားမညာမထောက်စာတတ်သော လူဆိုးသူဆိုး ဓားပြသူခိုးတို့သည် မြေတွင် တရွတ်ဆွဲ၍ သွားရာမှ ဝန်လေးလှသည် ထင်သောကြောင့် မောင်တင့်ဖေကို ထိုကုလားချောင်းရွာ၏ အနီးအပါးတွင် ပင်လျှင် ပစ်ထားခဲ့လေ၏။ ကောင်းစွာ မသွားနိုင်သော ၆ နှစ်သမီးကလေး မရင်မေကိုသာလျှင် ဗိုလ်မှူးကြီးအမိန့်နှင့် ဖေးဖေးမမ ခေါ်ဆောင်သွားကြလေ၏။

မောင်တင့်ဖေမှာ ထိုသူတို့ပစ်ထားခဲ့သောအခါ ကိုးကွယ်ရာမဲ့ ဖြစ်သည်တစ်ကြောင်း၊ ၎င်းပြင် အသက်အရွယ် နုငယ်သေးသူဖြစ်လျက် အမိနှင့်တကွအဖအား များစွာလွမ်းအားပိုလှသောကြောင့် ဝမ်းနည်းပက်လက် မသက်မသာငိုကြွေးကာလျှင် ဟိုပြေးသည်ပြေး သောင်ပြင်လွတ်သည့်ခွေးလိုဖြစ်လျက်နေသည်ကို သူတစ်ထူးအား သနားကရုဏာ ကင်းမဲ့စွာသောသူပင် ဖြစ်လင့်ကစား ဤသူငယ်ကလေး၏ အဖြစ်အပျက် ရတက်ပွေပွား၍ နေရငြားသည်ကို တွေ့မြင်ရပါမူ ထိုသူသည် အမှန်ပင် မျက်ရည်ကျ၍ ရင်ထုမနာဖြစ်ရာပေလိမ့်မည်။

သို့သော် ကုလားချောင်းရွာသူရွာသားတို့သည် ဓားပြများ၏

mgyoe.com


ဘေးရန်ကို ကြောက်ရွံ့ကြသည်နှင့် ရွာထဲသို့မနေဝံ့ကြဘဲ အချို့လည်း တောထဲတွင် ပုန်းအောင်း၍၊ အချို့ကား မြို့ကြီးပြကြီးသို့ အသီးသီး သွားရောက်နေထိုင်ကြသောကြောင့် ထိုရွာသည် သုသာန်တစပြင်ကဲ့သို့ ခြောက်သွေ့ငြိုးငွေ့ဖွယ်ကောင်းပြီးလျှင် ကျီးနှင့်တဖုတ်ဖုတ်သာ ရှိလေ၏။ ကလေးသူငယ် မောင်တင့်ဖေသည် ထိုမှ ဤမှ ငိုယိုမြည်တမ်းလျက် အသည်းလောင်ကျွမ်းစွာဖြင့် သွားလာသောအခါ ထိုရွာသို့ညနေချမ်းမှ ဆိုက်ရောက် သဖြင့် ရွာတွင်းသို့ဝင်သွားရာ လူသူတစ်စုံတစ်ယောက်ကိုမျှ မတွေ့ရချေ။ သို့သော် အလွန်တရာ ဆာလောင် မွတ်သိပ်နေသည်ဖြစ်သော ကြောင့် အိမ်ကြီးတစ်အိမ်ပေါ်သို့ တက်ရောက်သွားရာ လူလည်းတစ်ယောက် မျှ မရှိပါဘဲလျက် ရက်ရက်စက်စက် လှပစွာ မှည့်နေသော ငှက်ပျောခိုင်ကြီးကို တွေ့ရသဖြင့် အားရဝမ်းသာ စားတော့မည်ဟု ငှက်ပျောသီးတစ်လုံးကို ဖဲ့၍ အခွံနွှာနေစဉ် လူတစ်ယောက်သည် ကပျာကယာပြေးတက်လာပြီးနောက် "ဟဲ့ ... ဟဲ့ လူကလေး မစားနဲ့ မစားနဲ့"ဟု ပြောဆဲမှာပင် ဆာလောင် လှသော မောင်တင့်ဖေသည် ငှက်ပျောသီးကို ကိုက်လိုက်ရာ၊ ထိုပြေးတက် လာသောသူသည် မောင်တင့်ဖေ၏ လည်ပင်းကို အတင်းညှစ်၍ "ထွေးလိုက် လူကလေး ထွေးလိုက်၊ အမယ်လေးလေး မစားပါနဲ့ မောင်ရယ် ... အားလုံး အဆိပ်ထည့်ထားတယ်။ မောင်သေသွားလိမ့်မယ်"ဟု ပြောဆိုသောအခါ မောင်တင့်ဖေသည် ထွေးထုတ်လိုက်လေ၏။ ၎င်း နောက်များ မကြာမီ ဘုန်းတော်ကြီးတစ်ပါးလည်း နောက်ထပ်ရောက်လာ၍ "ဟော့တကာ ... ဘယ့်နှယ်လဲ၊ ဒီငှက်ပျောသီးတွေကို ကလေးစား လိုက်ပလား၊ မင့်ကို ဒါကြောင့် အစကပြောတယ်၊ မလုပ်ပါနဲ့ မရဘူး၊ ကဲ တစ်ခါ ဘယ့်နှယ် လုပ်မလဲ"

တကာ ။ ။ "မစားရသေးပါဘူး ဘုရား ... ဒါလောက်ပူမနေပါနဲ့ တပည့်တော်က ဦးပါတယ်"

ဘုန်းတော်ကြီး ။ ။ "သြော် မစားရသေးဘူးလား၊ ငါ့ကွာ ... စားများ ပြီးပြီလားလို့ ... တကတဲ ... စိုးရိမ်လိုက်တာ၊ မင့်ငှက်ပျောခိုင်ကြီးကို လွှင့်ပစ်

mgyoe.com

mgyoe.com


လိုက်ပါ။ မကောင်းပါဘူး။ ကဲ ကဲ ... ကျောင်းကိုခေါ်ခဲ့ ဘယ်က ကလေး လည်း မေးကြည့်ရအောင်”ဟု ပြောဆိုပြီးလျှင် ဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွားလေ၏။

ကျောင်းသို့ရောက်သောအခါ ဘုန်းတော်ကြီးသည် ကလေးကို သေချာစွာ စစ်ဆေးမေးမြန်းသောအခါ သူငယ်ကလေး၏ နေရပ်နှင့်တကွ အမိအဖများကိုပါ ကောင်းစွာသိရသဖြင့် ထိုသူ့ရပ်ထံသို့ လိုက်လံပို့သမည် ဟု ပြောဆိုပါသော်လည်း မောင်တင့်ဖေသည် မပြန်လိုတော့ကြောင်း၊ အရှင်ဘုရားထံမှာပင် နေထိုင်လိုတော့သည်ဖြစ်ကြောင်းကို အကြောင်း အကျိုးနှင့်တကွ လျှောက်ထားပြောပြသောအခါ ဘုန်းတော်ကြီးသည် မောင်တင့်ဖေပြောဆိုသမျှနှင့်ပင် နားကျ၍ ကောင်းမွန်စွာလက်ခံထားပေ၏။ ဤကဲ့သို့ လက်ခံထားရာမှ နေ့ရက်များစွာ ကြန့်ကြာသောအခါ ဘုန်းတော်ကြီးဘုရားသည် သံယောဇဉ်တွယ်ပြီးလျှင် အလွန်တရာပင် ချစ်ခင်ပေ၏။ သို့သော် ၄ – ၅ – ၆ လခန့်မျှ ကြာရှိပါသော်ငြားလည်း မြို့ရွာစသည်တို့ ကောင်းမွန်စွာ မငြိမ်သက်သေးသည်နှင့် ဘုန်းတော်ကြီး ဘုရားသည် ထို ကုလားချောင်းရွာတွင် မနေဝံ့သောကြောင့် မြို့ကြီးပြကြီးဖြစ်သော ကျိုက်ထိုမြို့သို့ မောင်တင့်ဖေကိုပါခေါ်၍ ပြောင်းသွားကြလေ၏။

မဖွားမြနှင့် သမီးကလေး မရင်မေတို့မှာမူကား ဘုန်းကြီးဖိုလ်သွားရာ သို့ တကောက်ကောက် လိုက်ပါသွားရသဖြင့် အလွန်တရာ ပင်ပန်းနွမ်းရိ ခြင်းဖြစ်လျက် အသားအရေတို့သည် ပိန်ချုံးကြကုန်၏။ ဤကဲ့သို့ တစ်ရွာ ဝင်တစ်ရွာထွက်၊ တစ်တောဝင်တစ်တောင်တက်နှင့် မပျက်မကွက်သွားလာ နေထိုင်ကြရာ ပဲခူးမြို့ကြီးသို့ရောက်ကြလေ၏။ သို့သော်မြို့၏အခြေအနေ ကြီးကျယ်ခမ်းနားသည့်ပြင် လက်နက်အင်အား မြောက်များလှသောကြောင့် ဘုန်းကြီးဖိုလ်သည်မြို့ကို မစီးဝံ့သေးဘဲ ဇနပုဒ်ကျေးရွာစသည် ကလေးများ ကိုသာ စီးနင်းတိုက်ခိုက် လုယူဖျက်ဆီးရန်အကြံအစည်နှင့် ပဲခူးမြို့အနောက် ဘက်ရှိတောတစ်လျှောက်တွင် တည်းခိုချရပ်လျက် အရေးအခင်းစသည် များကို စောင့်ဆိုင်းမျှော်လင့်လျက်နေကြလေ၏။

mgyoe.com

mgyoe.com


ထိုအခါ ပဲခူးမြို့ဗိုင်းဂနိုင်းရပ်တွင် နေထိုင်လျက်ရှိသော မောင်ညွှန့်နှင့်မောင်တင်တို့သည် ဆရာကြီး၏ ရိုက်နှက်ခြင်းကိုခံကြရသောကြောင့် ကျောင်းမတက်ကြဘဲ၊ တစ်ယောက်လျှင် လေးကလေး တစ်ချောင်းစီနှင့် တောထဲသို့ ငှက်ပစ်ထွက်ကြရာမှာ တဖြည်းတဖြည်း တောနက်ကြီးထဲသို့ ရောက်သွားကြလေ၏။ ၎င်းနောက် မောင်ညွှန့်သည် ရေကြက် တစ်ကောင်ကို လေးနှင့်ပစ်၍ ထိမှန်လေသဖြင့် ထိုရေကြက်နောက်ကိုသာ ဖွဲ့ကြီးစွာနှင့်လိုက်သွားရာ မောင်တင်နှင့်ကွဲကွာ၍ မဇင်းချောင်းသို့ရောက် သွားသောအခါ ရေကြက်လည်းမျက်ခြည်ပြတ်၍ ပျောက်သွားလေ၏။ ထိုအခါ မောင်ညွှန့်သည် ချောင်းအတက်ကိုဆန်၍ ရေကြက်များတွေ့နိုးနိုး နှင့် လိုက်လံသွားရာ ရေကြက်များကို မတွေ့ရသည်နှင့် တောထဲတွင် အလေ့ကျပေါက်လျက် သီးမှည့်၍နေသော ကနစိုးသီးများကို ဆွတ်ခူးနေစဉ် အလွန်ဧမြချိုသာလှသော ကလေးမကလေး၏ သီဆိုသော သီချင်းသံကို ကြားရလေ၏။ ထိုကဲ့သို့ကြားရသည်နှင့် တစ်ပြိုင်နက် သူငယ်ကလေး မောင်ညွှန့်သည် ခူးမည်ဆဲဆဲဆွဲနိမ့်ထားသော ကနစိုကိုင်းကလေးကိုကိုင်ကာ ကနစိုသီးကိုမျှ မခူးနိုင်ဘဲ ငေး၍နားထောင် နေစဉ်တွင် သီချင်းသံကလေး သည် ပျောက်သွားပြန်လေ၏။ နောက်တစ်ဖန်သေးတာတာနှင့် သနားစရာ ကောင်းလှသော မိုးဘွဲ့တေးထပ်ကို သီဆိုနေသည်ကို ကြားရပြန်သည်မှာ "ပြုချင်တိုင်းပြုမတတ် ၊ ခရုပတ်လိုလို နှစ်ခုစပ်အညိုမှာ ဗိုလ်ပေထင့်ရွှေမိုး၊ ရင်စလို စိုမှောင်တယ်၊ ပြို့မယောင် ဟန်ဝိချက်ဆိုး၊ မကြည့်သည့်လွမ်းပုံကို အစွမ်းကုန်သူရှိုး နွမ်းစေရုံသူပျိုးလို့၊ ဆိုးပါနှင့် နတ်မောင်၊ မစုံသူအခံကပ် အောင် ပြန်ဂဟပ် မိုးဆင်သင့်ပါ။ ဘုံသင်မြင့်စံစက်ညောင်မှာ၊ ခံခက်အောင် ဆင်သိုင်းလို့၊သင်တိုင်းဝတ် မှုံရီရီ၊ မှိုင်းဆင်ခဲ့ပြီ၊ ဖော်ဝေးသူညှိုးမကြည်အောင်၊ မိုးပလီ မူလွန်းလို့လေး... ဟူသော မိုးဘွဲ့တေးထပ်ကလေးကို သီဆိုပြီး နောက် ကလေးတို့ဘာဝ လျှောက်ကာ လျှောက်ကာ ကင်ပလင်းသီး ကလေးများကို ဆွတ်ခူး၍ နေလေ၏။

မောင်ညွှန့်သည် ကြိုးကြာ၊ ကရဝိက်သံများကဲ့သို့ သာယာလှသော

mgyoe.com

mgyoe.com




အသံကလေး သောတာရုံတွင် ပြတ်သွားသောအခါ ကနစိုကိုင်းကလေးကို ကပျာကယာလွှတ်လိုက်ပြီးနောက် ချောင်းကမ်းတစ်လျှောက် အသံကြားရာသို့ မှန်းဆပြီးလျှင် လေးကလေးကို ထမ်းဆောင်ကာ လိုက်သွားလေ၏။

mgyoe.com

mgyoe.com


ဤကဲ့သို့ တဖြည်းဖြည်းလိုက်ရာမှ အတန်ကြာသောအခါ သူငယ်မကလေးသည် ကင်ပလင်းကိုင်းကလေးကို အသာနှိမ်၍ ကင်ပလင်းသီးကလေးများကို ဆွတ်ခူးနေသည်ကို တွေ့ရသဖြင့် မောင်ညွန့်သည် မဇင်းချောင်းတစ်ဖက်ကမ်းနဖူးပေါ်မှ မိမိလေးကလေးကို မြေတွင် အသာထောက်၍ မည်သည်ကိုမျှ မငဲ့မစောင်းဘဲ၊ သူငယ်မလေးအား စေ့စေ့ကြည့်ရှုကာနေလေ၏။ ထိုအခါ မောင်ညွန့်၏ ပါးလွှာသော အဝတ်အစားကလေးများနှင့် ဆံပင်ကလေးများတို့သည် လေခတ်သဖြင့် တဖျပ်ဖျပ်လွင့်စင်လျက် လေထဲတွင် ကစားနေလေ၏။ သူငယ်မကလေးသည် မောင်ညွန့်ကို မမြင်သေးဘဲ ကင်ပလင်းသီးကလေးများကို နှိမ်ကာ နှိမ်ကာခူးရာမှ တစ်ဖန် "မိုးသက်ကယ်ဆင်"ဟု စ၍ သီဆိုလိုက်ပြီးနောက် တစ်ဖက်တွင်ရှိသော ကင်ပလင်းကိုင်းကလေးကို လက်လှမ်းကိုင်ရာ တစ်ဖက်တွင်ရှိသော ကမ်းနဖူးပေါ်တွင် ရပ်လျက်ရှိသော သူငယ်ကလေးကို မြင်သဖြင့် ရှက်သလိုလို ကြောက်သလိုလို ဖြစ်ပြီးနောက် တလှိုက်လှိုက် ရင်ခုန်၍နေရာမှ သူငယ်ကလေးအား မျက်စိကလေးဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီးလျှင် ခေါင်းအောက်သို့ငုံ့သွားလေ၏။ ထိုအခါ သူတို့နှစ်ဦးနှစ်ဝ၏ နှလုံးသားသည် မည်ကဲ့သို့ရှိကြသည် မသိနိုင်ကြပေ။

မောင်ညွန့် ။ ။ "ဟေ့ နင်တစ်ယောက်ထဲ ဒီမှာဘာလုပ်နေသလဲ၊ မကြောက်ဘူးလား"

မရင်မေ ။ ။ "ကင်းပလင်းသီးလာခူးနေတယ်၊ မကြောက်ပါဘူး၊ နင်ဘယ်ကလဲ၊ ငါ့ကိုသိသလား"

မောင်ညွန့် ။ ။ "မသိပါဘူး၊ ငါ ဗိုင်းဂနိုင်းက ... နင်ကောဘယ်ကလဲ"

မရင်မေ ။ ။ "တို့ဒီတောထဲမှာ နေတယ်၊ နင်ကောဘာလာလုပ်တာလဲ"

မောင်ညွန့်။ ။ "ငါလေ ... ငါ၊ ဆရာရိုက်တာနဲ့ ကျောင်းပြေးနေတယ်၊ နင်တို့ အဖေအမေ မရှိဘူးလား"

မရင်မေ ။ ။ "ငါ့မှာ အမေသာရှိတယ်၊ အဖေသေပြီ၊ နင်အခု ဒီကို

mgyoe.com

mgyoe.com

လာတာ ဘယ်သူနဲ့လာသလဲ ပြန်သွားတော့ ... နင့်ကို ဆရာမရိုက်ဘူးလား"

မောင်ညွန့်။ ။ "ငါက ဆရာရိုက်ရင် ကော်ဆဲမှာပေ့ါ၊ ငါ့မှာ ကနစိုးသီးပါတယ် စားမလား"

မရင်မေ ။ ။ "ပေး ... စားမယ်၊ ဒီကိုယူခဲ့"ဟု ပြောဆိုသောအခါ မောင်ညွန့်သည် ချောင်းကိုကူးလျက် မရင်မေ၏ထံသို့ သွားလေ၏။ ရောက်သောအခါ မရင်မေနှင့်မောင်ညွန့်သည် ချောင်းနံဘေးရှိ ကိုင်းတောကလေးတို့၏ အကြား ကျောက်ဖျာကလေးတစ်ခုပေါ်တွင် ကနစိုးသီးများကို စားသောက်လျက်နေကြရာမှ မရင်မေက မိမိခူးထားသော ကင်ပလင်းသီးကလေးများကို ထုတ်ပေးပြန်၍ စကားတပြောပြောနှင့် စားသောက်ကာ နေကြလေ၏။ ဤကစ၍ မောင်ညွန့်နှင့်မရင်မေတို့သည် သိကျွမ်းကြပြီးလျှင် ၁လေးတို့ဘာဝ ချစ်ခင်ကြလေ၏။

မောင်တင်မှာ မောင်ညွန့်ကို ရှာမတွေ့သည်နှင့် အိမ်သို့ပြန်သွား.သ၏။ မောင်ညွန့်နှင့်မရင်မေတို့သည် ကလေးတို့ဘာဝ ပျော်ပျော်ပါးပါး ကစားခုန်စား စကားပြောဆိုနေရာမှ လေးနာရီအချိန်လောက်သို့ ကျရောက်သောအခါ မောင်ညွန့်သည် အိမ်သို့ပြန်ချိန်တန်ပြီဖြစ်သောကြောင့် မရင်မေအား "ဟေ့ မရင်မေ ... ငါပြန်တော့မယ်၊ ထမင်းဆာလာပြီ၊ နင်ကော မပြန်သေးဘူးလား"

မရင်မေ ။ ။ "အေးဟေ့ ... ပြန်တော့ ငါလည်းပြန်တော့မယ်၊ နက်ဖြန်ကာ လာခဲ့ဦးနော်၊ နင်လာရင် ငါစားဖို့ ပဲလှော်တို့၊ ကြံသကာတို့ ထန်းလျက်တို့လည်းဝယ်ခဲ့ ... ကဲသွားတော့"ဟု ပြောဆိုသောအခါ မောင်ညွန့်သည် မဇင်းချောင်းကို ဖြတ်လျက် ကူးလာသည်ကို မရင်မေသည် ကမ်းနဖူး ကျောက်ဖျာကလေးပေါ်မှ ဝမ်းနည်းစွာ ကြည့်၍နေလေ၏။ မောင်ညွန့်သည် ကမ်းသို့ရောက်သောအခါ"ဟေ့ ငါသွားတော့မယ်နော်၊ နင်လည်း နက်ဖြန်ခါ ... အဲသည်နေရာကိုလာခဲ့၊ ငါမုန့်တွေဝယ်ခဲ့မယ်"ဟု လှည့်၍ ပြောဆိုနေစဉ်မှာပင် ငှက်ကလေးတစ်ကောင်သည် မောင်ညွန့်၏ ခေါင်းပေါ်မှဖြတ်သန်း၍ မရင်မေအနားရှိ သစ်ပင်ကလေးပေါ်တွင် နားလျက်နေသည်ကို

mgyoe.com

မောင်ညွှန့်သည် လေးနှင့်မြှားကိုအသင့်ပြင်ပြီးနောက် ချိန်၍နေလေ၏။ ငှက်ကလေးလည်း မောင်ညွှန့်၏ ချိန်ရွယ်ထားသော လေးမြှားကိုမြင်သည်နှင့် ပျံသန်း၍သွားလေ၏။

မရင်မေ (ရယ်လျက်) "ဟယ် ... ပစ်တာလိုက်တာ မှောက်ခုန်ကြီးပြန်သွားပြီ၊ အဲသည်ငှက်ကလေးကို ငါ့ပေးပါ။ ငါအစိမ်းစားလိုက်ပမယ်"

မောင်ညွှန့်။ ။ "အမယ် ... နင့်ကို ငါပစ်လိုက်ရမလား၊ ကဲလေ ... ခံရဲခံ"

မရင်မေ။ ။ "နင်ပြောသည် ညောင်ရွက်ကလေးကို ထိအောင်ပစ်နိုင်ပါ့မလား"ဟု ပြောပြီးနောက် ညောင်ရွက်ကလေးကို ချူးပြီးလျှင်ထောင်ပြလေ၏။

မောင်ညွှန့် ။ ။ "အောင်မယ် ... ထိရုံမှမကဘူး၊ ဟိုဘက်တောင်ပေါက်သွားသေးရဲ့၊ ကဲ ... ကိုင်ထား၊ နင့်လက်ကို မထိရစေဘူး၊ ငါပစ်လိုက်မယ်"ဟု ပြောဆိုပြီးနောက် မိမိကိုင်ထားသော လေးကလေးနှင့်ပစ်လိုက်ရာ မရင်မေကိုင်ထားသော ညောင်ရွက်ကလေး အလယ်တွင် မြှားစူးဖောက်သွားလေ၏။ ထိုကဲ့သို့ ပြန်ခါနီးကလေးတွင် စကားပြောဆိုနေကြစဉ် "ဟေ့မရင်မေ၊ ဟေ့ ... မရင်မေ"ဟု ခေါ်သံကို ကြားသဖြင့် 'ရှင် ... လာပြီ" ပြောဆိုပြီးနောက် 'ငါသွားတော့မယ် ... တို့ မေမေခေါ်နေပြီ၊ နင်လဲ ပြန်တော့ ....' ဟုပြောဆို၍ မရင်မေသည် ကလေးတို့ဘာဝ ပျော်မြူးစွာ ပြေးသွားလေ၏။ မောင်ညွှန့်လည်း မိမိ လေးကလေးကိုထမ်းလျက် အိမ်သို့ပြန်လာခဲ့လေ၏။ အိမ်သို့ရောက်သောအခါ မောင်ညွှန့်သည် ချစ်ခင်စဖွယ် သာယာနာပျော်ဖွယ် ပြောဆိုတတ်သော ကလေးမကလေး မရင်မေကိုသာ မျက်စိထဲတွင် တရေးရေးမြင်လျက်နေသောကြောင့် နောက် တစ်နေ့သွားရောက်ကစားခုန်ကစားရန်ကိုသာ မျှော်လင့်တောင့်တလျက် နေပေ၏။ သူငယ်မကလေး မရင်မေကလည်း ထိုနည်းတူစွာ လူမနီးသူမနီး တောတောင်ကြီးအတွင်း၌ နေထိုင်လာခဲ့ရာ လပေါင်းအတော်ကြာ ကစားဖော်ကလေးများကို မတွေ့ရဘဲ ယနေ့မှ ကစားဖက် တွေ့ရသဖြင့် အလွန်ပျော်မွေ့ပြီးလျှင်

mgyi.com

mgyoe.com


နက်ဖြန်သူငယ်ကလေး မောင်ညွှန့် အလာကိုသာ တမ်းတစောင့်စား၍ နေလေ၏။

နောက်တစ်နေ့ နံနက်သို့တိုင်ရောက်သောအခါ မောင်ညွှန့်သည် စာအုပ်၊ကျောက်သင်ပုန်း စသည်များကို ကိုင်လျက် နောက်မှ အမိဖြစ်သူသည် တုတ်တစ်ချောင်းနှင့်နွားများကို မောင်းဘိသကဲ့သို့ ကျောင်းအရောက် လိုက်၍ပို့လေ၏။ သူငယ်ကလေးမှာ ကျောင်း မသွားလိုသောကြောင့် ကပ်ဖိကပ်ဖဲ့ မျက်ရည်စီးယို ငိုကြွေးလျက် မလှမ်းတစ်ချက် လှမ်းတစ်ချက် သွားရာမှ ကျောင်းသို့ရောက်သောကြောင့် ကျောင်းတက်ရလေ၏။ နံနက်စာ ထမင်းစားလွှတ်သဖြင့် မောင်ညွှန့်သည် ကျောင်းမှပြန်လာပြီးနောက် ထမင်းများ စားသောက်၍ပြီးစီးသောအခါ ကျောင်းသွားရန် မတိုက်တွန်းရဘဲ တစ်ခါတည်း အိမ်ပေါ်မှဆင်းသွားလေ၏။ သို့သော် မောင်ညွှန့်သည် ကျောင်းသို့ မသွားချေ။ ဈေးထဲသို့သွား၍ ထန်းလျက်၊ ပဲလှော် အချို့သော မုန့်ကလေးများကို ဝယ်ယူပြီးနောက် မိမိ လေးကလေးနှင့်ပင် မနေ့ကနေရာ မရင်မေရှိရာသို့ သွားလေ၏။ ထိုနေ့ကား မနေ့ကကဲ့သို့ မိုးသက်ကလေး များ မဆင်းတော့ဘဲ ကြည်ကြည်လင်လင်ရှိသောကြောင့် နေပူပြင်းသဖြင့် မောင်ညွှန့်မှာ ပင်ပန်းနွမ်းရိလျက် ချွေးသံများ ယိုထွက်ကုန်၏။

မရင်မေသည် မနေ့ကနေရာကလေးတွင် မောင်ညွှန့်အလာကိုသာ မျှော်လင့်စောင့်စားလျက် ဟိုပင် သည်ပင် ထွေးရောယှက်တင် ခင်ခင်မင်မင် လူးလာပျံသန်း ကျက်စားသွားလာနေကြရှာသော ငှက်သတ္တဝါကလေးများ ကို လည်းကောင်း၊ တောကြက်ကလေးများတို့သည် တစ်ပင်ရှားရှား ပင်ပန်း သောအားဖြင့် သွားလာနေရာမှ ပါးစပ် တဟဟနှင့် ရေလာသောက်ကြ သည်ကိုလည်းကောင်း ငါးသတ္တဝါကလေးများတို့သည် အအုပ်အသင်းနှင့် တကွ စစ်တလင်းတွင် ထွက်လာကြသည့် စစ်သားများကဲ့သို့ တပျော်တပါး အရွှေ လိုက်စားလျက် သွားလာကျက်စားနေသည်ကိုလည်းကောင်း ကြည့်ရှုပြီးနောက် မောင်ညွှန့်မလာနိုင်သေး၍ ပျင်းရိငြီးငွေ့ခြင်းဖြစ်သည်နှင့် မိမိရသော သံချို လေးချိုးကလေးကို သီဆိုနေသည်မှာ “လူ့ဘဝမှာလဲ၊

mgyoe.com

သုခနော်ခါတစ်ထိမှ တစ်နာရီကြုံမစေ့သည်ပြင်၊ ရုပ်နမ်မှာ ဒုက္ခတွေ့ရတော့ ဟုတ်မှန်၍ မရှောင်သာ ...။ အနိစ္စ၊ နိစ္စနော် တကယ်ထင်လို့ အပါယ်တွင် ခင်မဆုံးနိုင်ဖို့ သင်စုန်းမှာလျက်သည့် ပျားကဲ့သို့ အဝိဇ္ဇာ၊ ပိတ်ကာ၍ထား လိုက်ပ၊များစွာ သူငါ၊ ပုံနှုန်းဆွယ်ပြကာထားလိုက်ပ၊ ဘုံသုံးဆယ်ဘဝသား မှာလ နွားကတဲ့ ချားပမာ၊ နားရာပအလွန်ရှား။ မဆိတ်လေ၊ ပဋိသန္ဓေ စံကာနေက ခံပစေ ဇရာညိပါလို့ ဗျာဒိရယ် မရဏပ အရဟံရှင်ပင် ဟောခဲ့ တယ်၊ စောတော့ တရား ..." ဤကဲ့သို့ သီချင်းကလေးများကို ဧသောသာ လွမ်းစရာပမာဆွဲဆိုကာနေသည်ကို ပင်ပန်းကြီးစွာ လာနေသော မောင်ညွှန့် ကလေး ကြားရသဖြင့် ရွှင်လန်း ဝမ်းမြောက်ပြီးလျှင် ပင်ပန်းမောနွမ်းခြင်း ပျောက်၍ ရှေးကထက်ပင် ခရီးတိုးပြီး ပေါက်ရောက်လေသောကြောင့် လွန်ခဲ့သည့် နေ့က ရပ်လျက်ရှိ သော ကမ်းနဖူးကလေးပေါ်သို့ ရောက်လေ ၏။ သို့သော် မရင်မေကလေးသည် မောင်ညွှန့်ကလေးကို မမြင်သေးဘဲ သီချင်းကလေးကိုသာဆက်လက် သီဆိုနေခိုက်တွင် မောင်ညွှန့်သည် လေး ကလေးနှင့် ပစ်လိုက်ရာ မရင်မေ၏ အင်္ကျီစကလေးကို ထိမှန်သွားသဖြင့် လန့်ပြီးလျှင် "ဟေ့ ဘယ်သူလဲ၊ ငါ... ဆဲလိုက်ရမလား။ သြော် ... ငါက သူများမှတ်လို့ မုန့်ပါရဲ့လားဟေ့"

မောင်ညွှန့် ။ ။ "အေးပါတယ်၊ နင်ရောက်တာ တော်တော်ကြာသွား ပလား၊ ငါဖြင့်ကွာ ... လာလိုက်ရတာ၊ မောလိုက်တာ မပြောပါနဲ့တော့"

မရင်မေ။ ။ "အေးဟေ့၊ ငါရောက်နေတာ ကြာလှပြီ၊ မောရင်ရေ သောက်လိုက်ပါလား"

မောင်ညွှန့်။ ။ "နို့ပြီးမှသောက်မယ်၊ လက်ခံငါပစ်လိုက်မယ်"ဟု ပြောဆိုပြီးနောက် ထန်းလျက်ခဲကလေးများကို လေးကလေးနှင့်ပစ်လေ၏။ ၎င်းနောက် ချောင်းရေကလေးများကို သောက်ပြီးနောက် မရင်မေထံသို့ သွား၍ကစားနေကြရာ၊ ကလေးသူငယ် နှစ်ဦးတို့သည် ရှေးရှေးကမည်ကဲ့ သို့ပင် တော်စပ်ခဲ့ဖူးသည်မသိ။ ယခုအခါ တစ်ယောက်နှင့်တစ်ယောက် အလွန်တရာ ချစ်ခင်ကြင်နာကြသည့် သဘောဖြင့် တစ်ခါတစ်ခါ ထမင်း

mgyoe.com

mgyoe.com

ချက်တမ်း၊ ဟင်းချက်တမ်းကစား၍ တစ်ခါတစ်ခါ၌မူကား ဘုရားသွားတမ်း၊ ကျောင်းသွားတမ်းကစားကြပြီးလျှင် တစ်ယောက်ကို တစ်ယောက် ဖက်လျက်နေကြလေ၏။ မိမိတို့ကစားရာနေရာကလေးသည် အလွန်တရာ ပူပြင်းသောနေ့ဖြစ်သော်လည်း နေတစ်ပြောက်မျှမထိုးဘဲ၊ အလွန်တရာ အေးမြသဖြင့် စိတ်ရွှင်ပျခြင်းဖြစ်ကြလေ၏။

ဤကဲ့သို့ ပျော်ပျော်ပါးပါး တစ်နေ့လုံး ရွှင်မြူးစွာ ပြေးလွှားကာ ကစားနေကြသဖြင့် ညနေ ၄နာရီအချိန်မျှကျသောအခါ သူငယ်မကလေးနှင့် သူငယ်ကလေးတို့သည် နှစ်ဦးစလုံးပင် ပင်ပန်း နွမ်းရိသည်ဖြစ်သောကြောင့် ထိုကိုင်းတောကလေးအတွင်းရှိ ကျောက်ဖျာပေါ်သို့တက်၍ တစ်ယောက်လည်ကို တစ်ယောက်ဖက်ပြီးလျှင် အိပ်ကြလေရာ နှစ်ယောက်စလုံးပင် အိပ်ပျော်ခြင်းသို့ ရောက်ကြလေ၏။

ထိုအခါ မရင်မေ၏အမိသည် သမီးငယ်ကို အော်ကာ ဟစ်ကာ၊ ဘကြော်ကြော်ခေါ်ပါသော်လည်း မရသဖြင့် သောကမီး ထပြီးလျှင် အမိနွားမသည် သားငယ်နွားကလေးကိုရှာဘိသကဲ့သို့လည်းကောင်း၊ အစာရှာဖွေရာမှ ပြန်လာသော အမိငှက်မကြီးသည် မြုတွင်းတွင်မရှိသော သားငယ်ကို အသွယ်သွယ် အော်ကာမြည်ကာ လူးလာပျံသန်း၍ ရှာဖွေသကဲ့သို့လည်းကောင်း၊ မဖွားမြမှာ တောင်ပြေးမြောက်ပြေးနှင့် သမီးကလေးကို ရှာဖွေရာ ည ၈နာရီတိုင်ကျရောက်သဖြင့် မတွေ့ရလေသော် ချုံးပွဲချခါ ငိုကြွေးလျက် တောင်တွေးမြောက်တွေး ပူပန်ရေးကိုသာ တွေးတော၍ ငိုကြွေးကာနေလေ၏။ ထိုအခါတွင် မိမိလင်ဖြစ်သော ဓားပြဗိုလ်ကြီး မရှိချေ။ အစောင့်အရှောက်များသာရှိသဖြင့် သွားလာရှာဖွေရန် ခွင့်သာပေ၏။

ည ၉နာရီမျှ ကြာရှိသောအခါ မရင်မေသည် ဆာလောင်မွတ်သိပ်ခြင်းကြောင့် အိပ်ရာမှနိုးလာ၍ တောင်မြောက်လေးပါးကို ကြည့်ရှုလိုက်ရာ အလွန်တရာ နီရဲတောက်ပ ပြုံးပြောင်လှသော အရာဝတ္ထုကြီးနှစ်ခုသည် ကိုင်းတောထဲမှ မိမိတို့ဘက်တွင် လှည့်၍တည်ရှိပေ၏။ မရင်မေသည်

mgyoe.com

မည်သည့်အရာဝတ္ထုကြီးများပေနည်းဟု သိလိုလှသော အာသာဆန္ဒဖြင့် စူးစိုက်ကာ ခပ်ကြောက်ကြောက်နှင့် ဆက်လက်ကြည့်ရှုနေရာ ထိုအရာဝတ္ထုကြီးနှစ်ခုသည် တစ်ခါတစ်ခါ နောက်သို့လှည့်ခြင်းအားဖြင့် ကွယ်ပျောက်သွားပေ၏။ တစ်ခါတစ်ခါ ဘေးဘီလှည့်ခြင်းအားဖြင့် မှေးမှိန်၍သွားပေ၏။ တစ်ခါတစ်ခါ အထက်အောက်လှုပ်ရှားခြင်းအားဖြင့် လျှပ်စစ်ပြက်သလို လက်ခနဲ လက်ခနဲဖြစ်၍ သွားသောအခါ မရင်မေကလေးမှာ အသည်းနှလုံးဆတ်ဆတ်တုန်လျက် ကြောက်ရွံ့ခြင်းပြင်းလေရကား သူငယ်ကလေး မောင်ညွှန့်အား ကျပ်တည်းစွာ ဖက်ထားသဖြင့် မောင်ညွှန့်လည်း လန့်၍ နိုးလေ၏။ ထိုအခါ သူငယ်မကလေးသည် မောင်ညွှန့်၏ပါးနားကို အသာကပ်၍ လေသံကလေးနှင့် ပြောပြသောအခါ မောင်ညွှန့်သည် မရင်မေပြောပြသည့်အတိုင်း ကြည့်ရှုလိုက်ရာ ထိုနီရဲတောက်ပသော အရာဝတ္ထုကြီးနှစ်ခုကို မြင်ရပြန်သဖြင့် မရင်မေကဲ့သို့ ကြောက်လန့်တုန်လှုပ်၍ နေသောကြောင့် တစ်ဖန် မရင်မေကို ဖက်ပြန်လေ၏။

ထိုကဲ့သို့ သူငယ်မကလေးနှင့် သူငယ်ကလေးတို့သည် တစ်ဦးကို တစ်ဦးဖက်ရင်း အသာချောင်းမြောင်းကြည့်ရှုနေခိုက်တွင် ထိုအရာဝတ္ထုကြီးနှစ်ခုအနက် ချောင်းဘက်သို့ လှည့်လိုက်သောအခါ ပြူးပြောင်သော အရာတစ်ခုကိုသာ တွေ့မြင်ရပေ၏။ ၎င်းနောက် မောင်ညွှန့်သည် ကြောက်ကြောက်နှင့်ပင် ပြေးလိုပြေးငြား လေးမြားကိုအသာပြင်၍ ထိုဝတ္ထုကြီးကို ပစ်လိုက်တော့မည်ဟု ချိန်ထားစဉ်ပင်၊ အလွန်ကြောက်မက်ဖွယ် ကောင်းလှသော အသံကြီးဖြင့် ဟိန်းလိုက်သောအခါ မောင်ညွှန့်၏ ချိန်ရွယ်ထားသော လက်သည်လွတ်သွားပြီးနောက် ထိုအရာဝတ္ထုကြီးကို စူးလိုက်သည့် လက္ခဏာ ဒေါသပြင်းထန်စွာနှင့် ချောင်းဘက်သို့ တစ်ခါတည်းလွှား၍ ချပြီးလျှင် ရေသောက်လျက်နေသော ချေငယ်ကလေးကို အတင်းကိုက်၍ ခါလိုက် မြှောက်လိုက်နေသည်ကို မြင်ရပေ၏။ ထိုအခါမှ ကျားမှန်း သိကြသဖြင့် ရှေးကထက်ပင် ကြောက်လန့်တုန်လှုပ်ကြပြီးနောက် တစ်ယောက်နှင့်

mgyoe.com

mgyoe.com

တစ်ယောက် မျက်နှာချင်းအပ်၍ သိပ်သည်းစွာ မကွဲမကွာ မြဲစွဲစွာ ဖက်ထား လေ၏။

ကျားကြီးသည် ချေငယ်ကလေးကို ရုတ်တရက် မစားသေးဘဲ ကစားမြူးတူးပြီးလျှင် နောက်သို့ တစ်လှမ်း နှစ်လမ်းဆုတ်ပြီးနောက် စိမ်း စိမ်းကြည့်လျက် ဟိန်းလိုက်ရာ မြေတုန်၍ပင် သွားသည်ဟု ထင်လိုက်ကြ ရပေ၏။ ဤကဲ့သို့နေရာမှ အတန်ကြာသောအခါ ခြေသံလိုလို ဖက်ရွက်သံ လိုလို အသံများကိုကြားရသောအခါ ကျားကြီးသည် ရုတ်တရက် ခုန်လိုက် ပြီးနောက် တောင်မြောက်လေးပါးကြည့်လိုက်သည်မှာ အလွန်တရာ ကြောက်ဖွယ်ကောင်းလေ၏။ ထိုကဲ့သို့ ကြည့်ရှုနေရာမှ တစ်ဖန် ဟိန်းလိုက် ပြီးနောက် ချေငယ်ကလေးကို ကိုက်ချီ၍ ရှေ့သို့ တစ်လှမ်းမျှ လှမ်းလိုက် သည်တွင် “ဒိန်း”ဟူသော အသံကြီးသည် နားပွင့်မတတ် မြည်ဟီးပြီး နောက် ကျားကြီးလည်း တစ်ခါတည်း ရှေ့သို့ ဟပ်ထိုးလဲသွားလေ၏။ ထိုကဲ့သို့ ပြင်းထန်လှသော အသံကြီးကို ကြားလိုက်ရသောအခါ ကလေး နှစ်ယောက်တို့သည် သံပြိုင်လွှတ်၍ “အမယ်လေး”ဟု အော်လိုက်သဖြင့် မားပြဗိုလ်ကြီးသည် ထိုအသံကြားရာသို့ အတင်းကိုင်းတောများကို ဖယ်ရှား ၍ ဝင်လာသောအခါ အလွန်တရာ ကျပ်တည်းစွာ ဖက်ထားသောကလေး နှစ်ယောက်ကို တွေ့ရလေ၏။

ဘုန်းကြီးဗိုလ်။ ။ “ဟဲ့ ရင်မေ ... နင်ဘာလုပ်နေသလဲ၊ အချိန်တန်လို့ တောင် မပြန်ဘူးလား၊ နင့်အမေသေတော့မယ် ... လာ၊ ဟိုကလေးကကော ဘယ်ကလဲ”

မရင်မေ။ ။ “သူကပဲခူးက ကျွန်မဆီလာကစားရင်း အိပ်ပျော်သွား တယ် ...သူ့ပါခေါ်ခဲ့ပါ”ဟု ပြောဆိုသောအခါ ဓားပြဗိုလ်ကြီးသည် ကျားသေ ကြီးနှင့်တကွ ကလေးများကိုပါ ခေါ်ဆောင်၍သွားပြီးနောက် မိမိမယား မဖွားမြသို့ အကျိုးအကြောင်းပြောပြလေသဖြင့် မဖွားမြမှာ ရင်ပတ်စည်တီး နှင့် တစ်ခါတည်းသမီးကို ဖက်၍ငိုလေ၏။ နံနက်မိုးလင်းသောအခါ ဘုန်းကြီးဗိုလ်သည် သူငယ်ကလေးအား လိုက်လံပို့သရန် မိမိတပည့်လက်

mgyoe.com

mgyoe.com


သားတစ်ယောက်ကိုမှာထား ပြောဆိုပြီးလျှင် မိမိလည်း တိုက်ခိုက်ရေး အတွက် အခြေကို ဖျက်၍ ကြည့်ရှုရန် ထွက်သွားလေ၏။

ဤကဲ့သို့ နေ့စဉ်နေ့ဆက်လိုလိုပင် မောင်ညွှန့်သည် သူငယ်မလေးနှင့် လာရောက်လည် ပတ်ကစားခုန်စား ပျော်ပျော်ပါးပါးနှင့် ချစ်ကျွမ်းဝင်စွာ နေကြရာမှ တစ်ယောက်နှင့်တစ်ယောက် မခွဲနိုင် မခွာရက်လောက်အောင်ပင် ချစ်ခင်နေကြသဖြင့် မောင်ညွှန့်သည် မိမိ၏ပတ္တမြားလက်စွပ်ကလေးကို မရင်မေကလေးအား ဝတ်ဆင်ထားရန် ပေးလေ၏။ မရင်မေကလည်း ထိုနည်းတူစွာ မိမိ၏ မြလက်စွပ်ကို မောင်ညွှန့်အားပေးလေ၏။

တစ်နေ့သ၌ မောင်ညွှန့်သည် မိမိတို့ ကစားနေကြဖြစ်သော ကျောက်ဖျာကလေးသို့ လာရောက်ပြီးနောက် မရင်မေကို စောင့်ဆိုင်းနေရာ နေ့လည်အခါကျသည်တိုင်အောင် မလာ မရောက်သည်နှင့် အရင်တလောက မိမိရောက်သွားသော မရင်မေတို့နေထိုင်ရာသို့ လိုက်လံသွားရာ လူတို့ကို နေရာထိုင်ခင်းတို့ကိုသာလျှင် တွေ့ရသောကြောင့် မိမိနေအိမ်သို့ ပြန်လာခဲ့ရလေ၏။ ဤနေ့မှစ၍ မောင်ညွှန့်သည် မရင်မေကိုသာ လွမ်းဆွတ်လျက် သနားစရာ ကျန်ရစ်ရှာပေ၏။ ထိုအကြောင်းကို မိဘများ နောက်မှ ပြောပြသည်နှင့်သိရပေ၏။ ထိုကဲ့သို့ မတွေ့ရသော်လည်း မောင်ညွှန့်သည် တစ်နေ့နေ့၌ အမှန်တွေ့ရလိမ့်ဦးမည်ဟူသော အထင်နှင့် မိဘများက မည်ကဲ့သို့တားသော်လည်း သွားမြဲတိုင်းသာသွားလျက် ဤနေရာက မရင်မေ ထိုင်သည်၊ ဤနေရာက ငါ ထိုင်သည်၊ သူက ဟောသည် မီးဖိုကလေးနဲ့ ထမင်းချက်သည်၊ ငါက ဟောသည် သစ်ရွက်ကလေးတွေကို ဟင်းချက်ဖို့ ခူးဆွတ်ပေးသည်။ တော်တော်ကြာတော့ ငါက ဟောဒီနားက ရေချိုးသည် သူက သည်ဘက်နားကနေ၍ ချိုးသည်။ ငါ့ကို ဟောသည်လို ရေနဲ့ပက်တော့ ငါက ဟောသည်လို သူ့ထိပ်ကလေးကို လိုက်၍ထိုးသည်။ ရေချိုးပြီးတော့ သည်ကျောက်ဖျာကလေးပေါ်မှာ အတူတူဖက်၍ အိပ်ကြသည်ဟုတွတ်တွတ် ပြောကြားရုံမျှမက သဏ္ဍာန်လုပ် သရုပ်ပေါ် ဆိုသလို အရူးပမာ လုပ်ကိုင် ပြသကာနေသည်တွင် မောင်ညွှန့်၏ မိဘများ လိုက်လာပြီးနောက်

mgyoe.com

mgyoe.com


ချော့မော့ကာ အိမ်တွင် ကောင်းမွန်စွာ အရေးလုပ်၍ ထားသောကြောင့် မရင်မေကလေးပေါ်တွင် ကလေးချင်းဘာဝ ချစ်ခင်ကြသည့်စိတ်သည် တဖြည်းဖြည်း ပပျောက်လျက် မေ့လျော့ကာသွားပေ၏။

နောက် ဆယ်ကိုးနှစ်ခန့် ကြာရှိသောအခါ တိုင်းကားပြည်ရွာ စည်ပင်သာယာလာသဖြင့် မုဒိမ်း၊ ခိုးသူ မပူမဆာ၊ လွန်စွာ ငြိမ်းချမ်းပေ၏။ ထိုမှ တစ်ပါးလည်း အရှင်အစိုးရမင်းများတို့သည် တိုင်းပြည်မြို့ရွာတိုးတက် သာယာစည်ပင်ဝပြောသည်ကိုသာ များစွာလိုလား၊ အားထားနှစ်သက် သည့်အလျောက် ရန်ကုန်မြို့နှင့် ပြည်မြို့ ကိုလည်း တောက်လျှောက် မီးရထားလမ်းကြီး ဖောက်လုပ်ပေးသည့်ပြင်၊ ရန်ကုန်နှင့်မန္တလေးကိုလည်း ထိုနည်းတူစွာ ကောင်းမွန်စွာ သွားလာ ကူးသန်းနိုင်ရန် ရည်သန်၍ ဖောက်လုပ်ပေးပြီးနောက် မီးရထားလမ်း မပေါက်သေးသည့် မြို့ရွာဒေသ စသည်များတို့ကိုလည်း ကျောက်လမ်းတို့ဖြင့် သွယ်တန်းဖောက်လုပ်ပေးပေ သောကြောင့်၊ မြန်မာပြည်ကြီးအတွင်း၌ မှီတင်းနေထိုင်ကြကုန်သော တိုင်း ကားပြည်သူ၊ မြို့ရွာမဟူ၊ လူသူအပေါင်းတို့သည် အရှင်သခင်အစိုးရမင်း များအား များစွာကျေးဇူးဥပကာယတင်ရှိကြပေ၏။ ထိုမှတစ်ပါးလည်း ရေလမ်းခရီးအားဖြင့် ဆိုသည်ရှိသော် လှေသင်္ဘောစသည်တို့ဖြင့် မြစ်ကြီး မြစ်ငယ် အသွယ်သွယ် အဝဝ၊ ချောင်းငယ်ကလေးမျှ မကျန်ပင် သွားလာ နိုင်အောင် စီမံခန့်ခွဲပေးပေသောကြောင့် ထိုမှ ဤမှ သွားလာကြသော ခရီး သည်တို့သည် လှေသင်္ဘော၊ ရထားစသည်များတို့၌ပင် ပြည့်နှက်လျက် အုတ်အုတ်ကျက်ကျက် လက်ပံပင် ဆက်ရက်ကဲ့သို့ ဖြစ်ပေ၏။ ထိုအခါ သမယ သည်ကား အားလုံးသော ခရီးလမ်းများပေါက်စဖြစ်သဖြင့် ခရီး မသွားကြသော လူများပင် ခရီးသည်တို့ သွားလာနေထိုင်ကြပုံကို ကြို့ဆို ကြည့်ရှုလေ့ရှိကြ၏။ သို့သော် လောကကြီး၏ ထုံးတမ်းဓမ္မတာအရ လူသွား လူလာ စည်ကားသော ရပ်ကွက်ဒေသမှနေ၍ လုယူခြင်း၊ ခါးပိုက်နှိုက်ခြင်း စသည်တို့ သည်ကား မကင်း မရှင်းနိုင်ပေ။ ရှိလေမြဲသာလျှင် ဖြစ်၏။

တစ်နေ့သ၌ ပဲခူးမြို့တွင် ကုန်သည်ဘာဝ လုပ်ကိုင်စားသောက်

mgyoe.com

mgyoe.com


လျက်ရှိသော မောင်ညွန့်သည် မိဘများထံ အခွင့်ပန်ပြီးလျှင် ပြည်မြို့ ရွှေဆံတော်ဘုရားသို့ ဘုရားဖူးရင်း မြို့ရွာဒေသ၏ အခြေအနေကို ကြည့်၍ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများကိစ္စနှင့်လိုက်၍ သွားလေ၏။ ပြည်မြို့သို့ရောက်ရှိသောအခါ ဘုရားပုထိုးများ ရှိခိုးပူဇော်ပြီးနောက် မြို့၏ အခြေအနေကို တစ်ဖန်လှည့်လည်ကြည့်ရှုပြီးနောက် ကုန်ရောင်း ကုန်ဝယ် အတွက် ဈေးဘက်သို့ လှည့်လည်၍သွားသောအခါ ပွဲစားကြီးတစ်ယောက်၏ အိမ်သို့ရောက်သွားလေ၏။ ထိုအခါ မောင်ညွန့်သည် ကုန်သည်တို့ဘာဝ၊ အလိုရှိသမျှကို မေးမြန်းစုံစမ်း၍နေစဉ်မှာပင် အမြို့မြို့မှ ကုန်သည်တို့သည် များစွာလာရောက် တည်းခိုကြပေ၏။ မိမိလည်း ထိုနည်းတူစွာ အဆိုပါပွဲစားကြီးအိမ်မှာပင် တည်းခို၍ ပြည်မြို့၏ အကြောင်းကို ကောင်းကောင်းကြီး သိလိုသောဆန္ဒနှင့် မပြန်သေးသမျှ ကာလပတ်လုံး နေ့စဉ်နေ့တိုင်းပင် လည်ပတ် သွားလာလျက်နေလေ၏။

အခါတစ်ပါး၌ မောင်ညွန့်သည် ပြည်မြို့သို့ မီးသင်္ဘောကြီး ဆိုက်ကပ်တော့မည်ဟု အုတ်အုတ်ကျက်ကျက် ပွက်ပွက်ထအောင် ပြောဆိုနေကြသော စကားများကို ကြားရသဖြင့် မိမိလည်း အလွန်တရာသွားရောက်ကြည့်ရှုလိုသောစိတ်ပေါ်ပေါက်သည်နှင့် အဝတ်အစားလဲလှယ်ပြီးလျှင် ပြည်မြို့သင်္ဘောဆိပ်သို့သွားလေ၏။ မိမိသင်္ဘောသို့ရောက်သောအခါ သင်္ဘောကြီး. မဆိုက်ကပ်သေးချေ။ သို့သော် ကြည့်ရှုနေကြသူတို့မှာ ကမ်းလုံးညွတ်မတတ်ရှိလေ၏။ ထိုအချိန်အခါသော်ကား ရွှေဆံတော်ဘုရားပွဲတော်ကြီးအစ တန်ဆောင်မုန်း လဆန်း ၁ရက်နေ့ ညနေ ၅နာရီသာသာအချိန်ဖြစ်ပေ၏။ ထိုအချိန်အခါတွင် အဇ္ဈောကာသ ကောင်းကင်ဝ၌ ပိတ်သန်းကာဆီးလျက်ရှိသော တိမ်တန်းကြီးများကို နေ၏အရောင်ခသဖြင့် အချို့မှာ ဝါ၊ အချို့မှာ ပြာ၊ အချို့မှာ နီ၊ အချို့မှာ အရောင်မျိုးစုံရောယှက်လျက်၊ မကြည့်တတ်မရှုတတ်၊ ရောင်စုံဟပ်၍ နီဝါကြောင်ကြား၊ မရမ်းရောင် ဇော်ရောင်ပြိုးပြက်လျက်၊ တလက်လက်ထွက်ပေ၏။ ထိုကဲ့သို့ ကြည့်မဆုံး ရှုမခန်းအလွန်တရာ ရှင်လန်းဖွယ်ကောင်းသော တိမ်တန်း၊

mgyoe.com

mgyoe.com


တိမ်တောင်၊ တိမ်လိပ်ကြီးများတို့သည် လှူစွမ်းကောင်း ပန်းပြေးသမားများကဲ့သို့ ပန်းတိုင်သို့ရောက်အောင် တစ်ဦးကိုတစ်ဦး အတင်းလုယက် ထိုးထွက်ကာ ရှေ့ကိုသာအတွင် အရေးတကြီး ပြေးလွှားကြပေ၏။ အချို့သော တိမ်တောင် တိမ်လိပ် တိမ်ခဲကြီးများမှာ ကြည့်ရှုနေကြသူများ၏ စိတ်ကို ထင်ရောင်ထင်မှား လှည့်ဖြား၍ နဂါးရုပ်ကြီးလိုလို၊ ဆင်ရုပ်ကြီးလိုလို၊ စစ်သားတွေ တောင်ကြားထဲမှမြင်းများကို စီးနင်းပြီးလျှင် ရန်သူများအား လိုက်လံတိုက်ခိုက်ဘိသကဲ့သို့ ထင်ရလေ၏။ ထိုကဲ့သို့ ထင်မှားရသော တိမ်များကိုကြည့်ရှုနေသူ အပေါင်းတို့လည်း အလွန်လှပသော တိမ်ရောင်များ ခသဖြင့် လူများမှာဝင်းဝါ၍ တစ်မျိုးပင် အဆင်းလှပေ၏။ ထိုကြောင့် ရှေးလူကြီးများတို့လည်း ဤအချိန်အခါမျိုးကို အရုပ်ဆိုးလှချိန်ဟု ခေါ်ဆိုကြ၏။ လူသူအားလုံးတို့သည် ဆိုက်ကပ်လာမည့် သင်္ဘောကြီးကိုမျှ သတိမရကြသည့် လက္ခဏာဖြင့် အရိပ်ပြ ပွဲသဏ္ဍာန် အမျိုးမျိုးပြောင်းကာ ပြောင်းကာ အဆင်ခွဲ၍ပြနေသော တိမ်ခဲကြီးများကိုသာ ကြည့် လျက်နေကြ သောကြောင့် ဧရာဝတီမြစ်ရေအပြင်ကို လေတိုက်၍ လှိုင်းရိုက်သံနှင့် ရေကစားလှေလှော် သွားကာ သီချင်းသီဆိုသည့်အသံများမှာ တစ်ပါး အခြား အသံများကို မကြားရပေ။ အလွန်တရာ စည်ကားများပြားသော ပရိသတ်ကြီးတို့၏ အသံလည်း မီးကိုရေဖြင့် သတ်လိုက်ဘိ သကဲ့သို့ အလွန်တရာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပေ၏။

ဤကဲ့သို့ နာနာဘာဝ ဝိနာဘာဝ သဘောကဲ့သို့ အနည်းနည်း ရုပ်ခွဲ၍ပြနေသော တိမ်ခဲတိမ်တောင်ကြီးများကို အာရုံစူးစိုက်ကာ ကြည့်ရှုနေကြစဉ် "အူ ..."ဟူသော ဥသြမှုတ်သံကြီးကို ကြားလိုက်ကြရသဖြင့် ပရိသတ်ကြီးတို့သည် တရားချလိုက်ဘိသကဲ့သို့"လာပဟ...လာပဟ" ဟူသောအသံသည် တစ်ကမ်းလုံး ညံလျက်သွားပေ၏။ ထိုအခါ သင်္ဘောကြီးသည် ရေလုံးရေပန်းများကို ထစေလျက်၊ တဖြည်းဖြည်း တအိအိ လေးလံလှသည့် အမူရာဖြင့် ခုတ်နှင်လာရာ လှိုင်းတို့သည် ကမ်းသို့ တဖြန်းဖြန်း ရိုက်ခတ်သောကြောင့် ကမ်းတစ်လျှောက်တွင်ထားအပ်သော လှေကြီး

mgyoe.com

လှေငယ် အသွယ်သွယ်တို့သည် တစ်ခုနှင့်တစ်ခု ရန်ပြုဘိသကဲ့သို့ ရိုက်ခတ်လျက် ရှိကြပေ၏။ ကမ်းတစ်လျှောက်ရှိ လူသူများတို့သည်လည်း အလွန်တရာ စိတ်အားထက်သန်စွာ လက်ခုပ်လက်ဝါးတီးခြင်း လက်ကိုင်ပဝါပြခြင်းတို့ဖြင့် ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်း၏လက္ခဏာ ကို ပြရှိပေ၏။ ဤကဲ့သို့ တလှုပ်လှုပ် တရွရွကြည့်ရှုနေကြစဉ် သင်္ဘောကြီး မှ ဥသြသည် နားကွဲလုမတတ် မရပ်မနားမှုတ်လျက် မလှုပ်မယှက်နေသည်ကို မြင်ရသော အခါ ကမ်းပေါ်မှ လက်ခုပ်လက်ဝါး တီးသူတို့လည်း လက်ကို ချိန်ရွယ်လျက်လည်းကောင်း၊ လက်ကိုင်ပဝါပြသူတို့လည်း လက်ကြီးကို မြှောက်လျက်လည်းကောင်း အံ့အား သင့်ပြီးနောက် ငြိမ်သက်ကာ သွားကြလေ၏။

ထိုအခါ မြစ်ဆိပ်ကမ်းပါးရှိ သင်္ဘောကလေးများသည် ကပျာကယာ ကျောက်ဆူးများ ကုန်းပေါင်များကို ရုပ်သိမ်းလျက် ထိုသင်္ဘောကြီးရှိရာသို့ စက်ကုန်မောင်းနှင်သွားကြသည့်ပြင် လှေကြီးလှေငယ်စသည်တို့လည်း ထိုးဝါးများကို နှုတ်လျက် သူ့ထက်ငါ ထွက်သွားကြ့ရာ၊ ကမ်းပေါ်၌ တိတ်ဆိတ်ခြင်းသည် မြစ်အတွင်း၌ ဆူညံလျက် ရှုပ်ယှက်ခတ်ဖြစ်ရှိနေသည်ကို လူသူအလုံးတို့သည် မည်ကဲ့သို့ အရေးအခင်းပေနည်းဟု မည်သူတစ်စုံတစ်ယောက်မျှ နားမလည်ကြဘဲ၊ သင်္ဘောကြီးနှင့် ကမ်းမှထွက်ခွာသွားကြသော လှေသင်္ဘောကလေး စသည်တို့ကိုသာ ငေးလျက်ကြည့်ရှုနေကြစဉ်၊ သင်္ဘောကြီးသည် တစ်ဖက်သို့ စောင်းသွားသည်ကို မြင်ရပြီးနောက် တစ်ခဲနက်တည်း အော်သံကိုကြားမှ သင်္ဘောကြီးနစ်မြုပ်တော့မည့် အရေးကို တွေးတောမိကြလေ၏။

သင်္ဘောကြီးနစ်မြုပ်တော့မည်ကို သိရှိကြသောအခါ ကမ်းပေါ်မှ ငိုသူကငို အော်သူက အော်ကြသော အသံတို့သည် ပဲ့တင်ထပ်သောအသံကဲ့သို့ ပြည်တစ်မြို့လုံး ညံ၍ သွားပေ၏။ တဖြည်းဖြည်း သင်္ဘောကြီးသည် စောင်း၍စောင်း၍ နစ်မြုပ်နေရာမှ လုံးလုံးမြုပ်ခါနီးလောက်ရှိသောအခါ အကူသင်္ဘောက ကလေးများရောက်သွားသဖြင့်၊ ခရီးသည်များအား သင်္ဘောကလေးပေါ်တွင်တချို့ လှေပေါ်တွင်တချို့၊ တင်၍ အချို့သော ကုန်စည်များ

mgyoe.com

ကိုလည်း တင်နိုင်သရွေ့တင်ပြီးလျှင် ခုတ်နှင်လာခဲ့လေ၏။ သင်္ဘောကြီးမှာ ကျောက်ဆောင်ပေါ်တွင် အစွန်းငြိတင်သောကြောင့် ရုတ် တရက် မနစ်မြုပ်ဘဲ တဖြည်းဖြည်းသာလျှင် နစ်မြုပ်လျက်ရှိပေ၏။ သို့သော် ဤနေရာတွင် ရေများစွာ မနက်လှသောကြောင့် ယခုထက်တိုင်ပင် နွေဥတုအခါသို့ ကျရောက်သောအခါ ခေါင်းတိုင်ကြီးကို မြင်ရပေသေးသည်။

ပြည်မြို့ ဆိပ်ကမ်းသို့ ရောက်သောအခါ သူ့ထက်ငါ အကျိုးအကြောင်းစသည်များကို မေးမြန်းစုံစမ်းကြပြီးနောက်၊ မိမိတို့လိုရာ လိုရာသို့ အသီးသီးသွားကြလေ၏။ မောင်ညွှန့်မှာ အခြားသောသူများ ပြန်လည်၍ သွားကြသော်လည်း မပြန်သေးဘဲ သင်္ဘောကြီး၏ ဖြစ်ပျက်ပုံနှင့်တကွ ကမ်းတစ်လျှောက်တွင် ဆိုက်ကပ်ထားသော လှေကြီးလှေငယ် သင်္ဘောစသည်တို့ကို ကြည့်ရှုလျက်နေရာ တည်းအိမ်သို့ ပြန်တော့မည်ဟု လှည့်ပတ်လာသောအခါ အသက်အရွယ် ၁၆ နှစ်လောက်မျှရှိလိမ့်ဦးမည်ဟု ခန့်မှန်းရသူ သူငယ်တစ်ယောက်ကို တွေ့ရလေ၏။ ထိုသူငယ်သည် ကမ်းတွင် ဆိုက်ကပ်ထားသော လှေသင်္ဘောစသည်တို့ကိုလည်းကောင်း၊ ကူလီများ သွားလာလုပ်ကိုင်နေကြသည်ကိုလည်းကောင်း၊ တစ်ခါတစ်ရံ ကမ်းတွင် ရိုက်ခတ်သော လှိုင်းလုံးများကိုသော်လည်းကောင်း၊ စိတ်ညစ်သည့် အမူအရာဖြင့် ကမ်းနဖူးမှနေ၍ ကြည့်နေသည်ကို တွေ့မြင်ရသောအခါ မောင်ညွှန့်သည် ဤသူငယ်ကား သူများတွေပြန်သွားပါလျက် ဘယ်အတွက်မပြန်သေးဘဲ နေပါလိမ့်မလဲ၊ ခရီးများဆက်လက် သွားဦးမလို့လားစသည်ဖြင့် တွေးတောကာ ထိုသူငယ်ကို ခပ်လှမ်းလှမ်းမှ ကြည့်၍နေလေ၏။

ထိုသူငယ်သည် အဝတ်ဖြူကလေးဖြင့် ထုတ်လျက်ရှိသော အဝတ်ထုပ်ကလေးကို လက်တစ်ဖက်ဖြင့် ကိုင်ဆွဲလျက်၊ ဟိုဘက် သည်ဘက်စသည်တို့ကိုသာ လှည့်ကာပတ်ကာ နေရာကမခွာဘဲ ကြည့်ရှုနေရာ သူ၌ဝတ်ဆင်ထားသော အဝတ်အစားကလေးများတို့သည် လေထဲတွင် တဖြည်းဖြည်း လွင့်လျက်ရှိသဖြင့် ခဏခဏ လုံချည်အဝတ်အစားကလေး များကို လေမလွင့်ရန် ပြင်ဆင်ပေ၏။ သူ၌ပေါင်း၍ထားသော ခေါင်းပေါင်းသည်

mgyoe.com

ထိုသူ လုပ်သလောက် အချိုးမစားမကျဘဲ ဖရိုဖရဲ ကရွတ်ခွေကြီး ကဲ့သို့ရှိပေ၏။ ဆံပင်များတို့သည် လွန်စွာရှည်လျားလျက် ခေါင်းပေါင်းအပေါ်မှ ပြေထွက်ပြီးလျှင် လေထဲသို့ဖြန့်ကြဲကာ လွင့်ပါနေသောကြောင့် မကြာခဏ ရစ်ပတ်လျက်နေသည်ကိုလည်း တွေ့မြင်ရပေ၏။ အရှေ့ လောကဓာတ်မှ ထွက်ပေါ်လာသော ကမ္ဘာ့ဆီမီးဟု ဆိုအပ်သည့် လမင်း သည်လည်း လုံးဝန်း လုနီးနီးဖြစ်သဖြင့် အလွန်တရာတောက်ပ ပြောင်လက် သည်သာမက၊ လောကကြီး၏ စိတ်ဟဒယကို ရွှင်ပြစေပေ၏။ ထိုလရောင် ဟပ်သဖြင့် ဧရာဝတီမြစ်ရေပြင်ကြီးသည်လည်း ဘော်သာ်ခွာငွေပြားကြီး ခင်းထား ဘိသကဲ့သို့ ရှိပေ၏။တစ်ခါတစ်ခါမူကား၊ ထိုသူငယ်သည် အရှေ့ဘက်သို့ လှည့်၍ မြို့ဆီသို့ မျှော်ကြည့်လိုက်သောအခါ မျက်နှာကို ကောင်းစွာ မြင်ရသဖြင့် သူ၏မျက်နှာသည် ဝါဝါဝင်းလျက် ဖိုးရွှေလမင်းနှင့် အလှချင်း ပြိုင်ဘိသကဲ့သို့ ရှိပေ၏။ လရောင်တွင် မြင်ရသော နှာတံကလေး မှာလည်း မောက်မို၍အလွန်တရာ ပေါ်လွင်ခြင်းကြောင့် အဝေးမှ ၎င်း မြင်နိုင်ပေ၏။ မျက်လုံးမျက်ခုံးစသည်တို့မှာလည်း မင်ဆေးများဆွဲသား ထားဘိသကဲ့သို့ ပြေပြစ်လှပပေ၏။ တစ်ခါတစ်ခါ၌ တွေ့မြင်ရသော သွားကလေး များမှာ ပုလဲလုံးကလေးများ စီထားဘိသကဲ့သို့ပင် အရောင်တောက်ပစွာ ဖြူဖွေး လျက်ရှိပေ၏။ သို့သော် လမင်း၏ ကြည်လင်ခြင်းဖြင့် စိတ်နှလုံး ရွှင်ပြုံး ဝမ်းမြောက်စွာ ဖြစ်ပါလျက် ထိုသူမှာ ဝမ်းမြောက် သည့်အမူအရာ တစ်စုံ တစ်ရာ မပေါ်ပေါက်ဘဲ၊ ဝမ်းနည်းခြင်း၏ အမူအရာသာလျှင် ပေါ်ပေါက် လျက်ရှိသည်ကို တွေ့ရသောကြောင့် မောင်ညွန့်သည် အနားသို့ကပ်၍ အကြောင်းကို မေးမြန်းရန်သွားသောအခါ သူငယ်ကလေး၏ ရုပ်ဆင်း သဏ္ဌာန်ကို ထင်ရှားစွာ မြင်ရသောကြောင့် စိတ်တွင် အောက်မေ့သည်မှာ ဤသူငယ်ကလေးကဲ့သို့ လှပသော ယောကျ်ားများသည် လောကမှာ ရှိလိမ့်မည် မထင်၊ ယောကျ်ားကိုပင် မဆိုထားဘိ၊ မိန်းမများသော်မှ ဤမျှ လောက်လှမည်မဟုတ်၊ စင်စစ်နံ့သာသ၍ အရောင်တင်များနှင့် ချယ်လှယ် ထားကြခြင်းကြောင့်သာ လှပေသည်ဟု ထင်ရသည်။ ဤသူငယ်ကား

mgyoe.com

mgyoe.com

ရှင်းရှင်းရိုးရိုးနှင့် လှသောသူငယ်ဖြစ်ပေသည်ဟု တွေးထင်အောက်မေ့ပေ၏။ ၎င်းနောက် အနားသို့ ကပ်ပြီးလျှင် "ငါ့ညီ မင်းဘယ်ကိုသွားမလို့လဲ၊ တစ်ယောက်ထဲ ဘာလုပ်နေသလဲ"

"ဩော် ... ကျွန်တော်ကို မေးတာလား"

"ဟုတ်တယ်၊ ဘယ်သွားလို့ ဘယ်လာမလို့တုံး"

"ကျွန်တော် သွားရင်းကတော့ မန္တလေးကိုသွားမလို့ပါပဲ၊ သင်္ဘောကြီးနစ်တဲ့အတွက် အခုတော့ မသွားဖြစ်ပါဘူး၊ သည်မြို့မှာပဲ နေရလိမ့်ဦးမယ်"

"အို ... နစ်သွားတဲ့ သင်္ဘောကြီးနဲ့ ပါလာတာကိုး၊ ဒါဖြင့် ငါ့ညီ ပြည်မြို့ပေါ်မှာ အသိများရှိရဲ့လား၊ အသိမရှိတာဖြင့် ငါနဲ့လိုက်ခဲ့ပါလား"

"ကျေးဇူးတင်ပါတယ် ခင်ဗျား ... ရှိပါစေတော့ ကျွန်တော် တစ်ယောက်တော့ဖြင့် ဘယ်မှာပဲ တည်းတည်း တည်းရမှာပဲ။ နောင်တော်ကကော ပြည်မြို့ကပဲလား"

"မဟုတ်ပါဘူး ညီရယ် ... ခေတ္တဘုရားလည်း ဖူးရင်း၊ အရောင်းအဝယ်ကလေးလည်း မေးရင်းမြန်းရင်းဆိုသလို လာလည်တာ ၁၀ရက် ၁၅ ရက်လောက်ရှိသွားပြီ၊ ဇာတိကတော့ ဟို အောက်အရပ်၊ ပဲခူးမြို့ကပါ၊ ဒါထက် ငါ့ညီကော ... ဘယ်မြို့သားလဲ၊ နာမည်ကကော ... ဘယ်လိုခေါ်သလဲ"

"ဩော် ... ကျွန်တော်လား နာမည်ကတော့ မောင်ဖေရင်ပါတဲ့၊ မိဘများဇာတိကတော့ ဝင်းပဒေါ်ဆို ထင်ပါရဲ့၊ ကျွန်တော်လည်း ကောင်းကောင်း မမှတ်မိပါဘူး၊ ငယ်ငယ်ကလေးကပဲ အမိနှစ်ပါး ဆုံးပါးသွားတဲ့နောက် မန္တလေးမြို့ကို ရောက်နေပါတယ်။ ကျွန်တော်လည်း လည်ရာပတ်ရာက မန္တလေးကို ပြန်တော့မလို့ ...၊ ဒါထက် နောင်တော် နာမည်ကကော ဘယ်နှယ့်ခေါ်ပါသလဲ"

"ငါ့နာမည်ကတော့ မောင်ညွှန့်လို့ခေါ်တယ်၊ လာကွယ် ... ငါနဲ့ အတူတူလိုက်ပြီး တည်းလှည့်ပါ။ တစ်ခြားသွားပြီး မတည်းပါနဲ့တော့

mgyoe.com

ငါ့ညီကို တွေ့ရတာဟာ၊ အစ်ကို့မှာ အသံကြား သနားပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေဆိုတဲ့ ဆုနဲ့ပြည့်လို့ထင်ပါရဲ့၊ အင်မတန်ချစ်ပါတယ်၊ အားမနာပါနဲ့ ...၊ ပွဲစားကြီးအိမ်ဟာ အင်မတန်ကျယ်ဝန်းပါတယ်"

"ကျွန်တော်လည်း အစ်ကိုကိုတွေ့ရတာ သည်လိုပါပဲ၊ အထူးပဲ ဝမ်းသာအားရရှိပါတယ်။ သို့သော်လည်း သည်းခံပါ၊ ဒုက္ခမရှာပါနဲ့ ...ဒါ အတွက်တော့ ဝန်မလေးလှပါဘူး"ဟု ပြောဆိုပြီးလျှင် မောင်ဖေရင်သည် ကြည်လင်တောက်ပသော ဖိုးရွှေလကြီးကိုသာ ကြည့်လျက်နေလေ၏။ အတန်ကြာသောအခါ "ဘယ့်နှယ်အစ်ကို ... လလည်း ပြည့်လှပါပကော၊ အို ဒါနဲ့... အခုတန်ဆောင်မုန်းလမှာ ပြည်မြို့ရွှေဆံတော် ဘုရားပွဲတော်ရှိတယ်မဟုတ်လား"

"ရှိတယ် ညီရဲ့ ...အတော်ပဲ၊ စည်နေပြီ။ ဘုရားသွားမလား၊ လာလေ သွားကြရအောင်"ဟု ပြောဆိုပြီးလျှင် မောင်ညွှန့်သည် မောင်ဖေရင်ကို ခေါ်၍ ဘုရားသို့သွားလေ၏။ ထိုကဲ့သို့ စကားတပြောပြောနှင့်သွားရာမှ တစ်ယောက်နှင့်တစ်ယောက် စကားပြော ရပ်စဲသွားကြပြီးလျှင် မောင်ညွှန့် သည် မောင်ဖေရင်၏ သွားပုံလာပုံ ပြောပုံဆိုပုံတို့ကို စဉ်းစားလျက် အလွန်တရာ ပြေပြစ်ပါပေတကား။ မိန်းမကလေးများနှင့် မခြားမနားရှိပါ ပေသည်ဟုသာ စဉ်းစားတွေးတောလျက် တစ်ရစ်ထက်တစ်ရစ် ချစ်ခင်ခြင်း တိုးတက်၍လာပေ၏။ မောင်ဖေရင်ကလည်း တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလို မောင်ညွှန့်ကို တွေ့ရှိရသောအခါ များစွာဝမ်းမြောက်၍ အားကိုး အားပြုသည့်ပြင်၊ ထိုသူကိုယ် အထူးသဖြင့် ခင်မင်ပေ၏။

ထိုကဲ့သို့ စကားတပြောပြောနှင့် သွားကြသောအခါ ရောက်မှန်းမသိ ဘုရားသို့ရောက်ကြသည်နှင့် ရှေးဦး ပထမဘုရားပုထိုးရှိခိုး ပူဇော်ကြပြီးမှ ပွဲဈေးတန်းသို့ လျှောက်ကာ လည်ပတ်ကြည့်ရှုပြီးလျှင် ပွဲများကို ကြည့်ရှု နေကြရာ ၁၂ နာရီသာသာ နာရီပြန် ၁ချက်နီးပါးရှိသွားသောအခါ နှစ်ယောက်စလုံးပင် အိပ်ချင်၍လာပေ၏။ ထိုအခါ မောင်ညွှန့်က "ကဲငါ့ညီ မင်းလည်း ညည့်နက်သန်းခေါင်ကြီးမှာ တည်းအိမ်ရှာမနေနဲ့တော့ ဒုက္ခများ

mgyi.com

mgyoe.com


တယ်။ ငါနဲ့သာ လိုက်ခဲ့ပေတော့”ဟု ပြောဆိုလေ၏။

မောင်ဖေရင်။ ။ “အို ကိစ္စမရှိပါဘူး အစ်ကို ... ဒုက္ခမရှာပါနဲ့ ကျွန်တော် ပွဲပဲ မိုးအလင်းကြည့်တော့မယ်။ မနက်ကျမှ တည်းအိမ် ခိုအိမ် ကလေးများရှာပြီး အိပ်တာပေါ့၊ ကျွန်တော့်အတွက်တော့ဖြင့် ဘာမှ စိုးရိမ် ကြောင့်ကျ မကင်းမရှိပါနဲ့၊ အေးအေးသာနေပါ။ မနက်ဖြန်ခါညတော့ ဘုရားမှာဘဲ တွေ့ကြသေးတာပေါ့”ဟု ပြောဆိုသောအခါ မောင်ညွန့်သည် မောင်ဖေရင်၏ လက်ကို အတင်းဆွဲကိုင်ပြီးလျှင် “ဟာမဟုတ်တာ၊ ဘယ်က ပွဲကြည့်နေရမှာလဲ၊ အားမနာပါနဲ့ကွယ် ... လာလိုက်သာ လိုက်ခဲ့ပါ”ဟု ပြောဆိုပြီးနောက် အတင်းဆွဲခေါ်၍ သွားသောကြောင့် မောင်ဖေရင်မှာ မငြင်းသာဘဲ “ အို... လက်ကိုလွှတ်ပါ၊ ကျွန်တော်လိုက်ပါ့မယ်”ဟု ပြောဆို လက်ကိုအတင်းရုန်းပြီးနောက် မောင်ညွန့်နောက်သို့ လိုက်ပါသွားရ ပ၏။

အိမ်သို့ရောက်သောအခါ မောင်ညွန့်သည် မောင်ဖေရင်ကို နောက် ဖေးသို့ခေါ်ပြီးလျှင် ရေခွက်ကြီးကို ကမ်းပေးပြီးနောက် “ရော့ ... ငါညီရေချိုး ကွာ ... အားမနာပါနဲ့၊ ချိုးသာချိုးပါ”ဟု ပြောဆိုသောအခါ မောင်ဖေရင်သည် ခွက်ကို လှမ်းယူလိုက်ပြီးမှ “အို နေပါစေတော့လေ ... ရေချိုးခန်းလည်း မရှိ ရေလဲလုံချည်လည်း မရှိနဲ့ ရှက်စရာကြီး ... မချိုးတော့ပါဘူး”ဟု ပြောဆိုပြီး လျှင် ရေခွက်ကို စည်ပိုင်းထဲသို့ထည့်လိုက်လေ၏။

“ဟော့ ညီရဲ့ မင့်နှယ်ကွယ် ... တကတဲ ရှက်တတ်လိုက်တာ၊ မိန်းမ ကလေးရှုံးနေတာပဲ၊ ရေလဲမရှိသော ရှိသော ... ချွတ်ချိုးတာပေါ့ကွဲ၊ ဘယ်က ရေချိုးခန်းတွေ ဘာတွေလုပ်ရဦးမှာလဲ၊ တို့ယောကျ်ားချည်းပဲဟာ၊ ဘယ်သူ့ သွားပြီး ရှက်နေရဦးမှာလဲ ဘယ်အပျိုမှလည်း လာပြီး မချောင်းပါဘူး ကွယ်”ဟု ပြောဆိုသော်လည်း မောင်ဖေရင်က အတန်တန်ငြင်းဆန်သော ကြောင့် မောင်ညွန့်သည် “အမယ် မင်းရှက်ရင် ငါ အရင်ချိုးပါမယ်”ဟု ပြောဆိုပြီးနောက်၊ အဝတ်အစားများကို တစ်ခါတည်း ချွတ်လိုက်သော အခါ မောင်ဖေရင်သည် အို ... ဟု ပြောဆိုပြီးလျှင် နောက်သို့ ဆုတ်ခွာသွားပြီး

mgyoe.com

နောက် တံခါးပေါက်ကလေးမှနေ၍၊ တောင်ကြည့် မြောက်ကြည့် ကြည့်ရှုကာ ပြုံးရယ်၍နေလေ၏။ မောင်ညွန့်ရေမိုးချိုး၍ ပြီးစီးသောအခါ မောင်ဖေရင်အား ရေချိုးရန်တိုက်တွန်း၍ မရဘဲရှိချေသောကြောင့်၊ အိမ်ထဲသို့ ဝင်ရောက်ပြီးလျှင် အိပ်ကြလေ၏။

မောင်ညွန့်နှင့်မောင်ဖေရင်တို့သည် တစ်မိဝမ်းတွင်း အတူဆင်း၊ ညီရင်းအစ်ကိုကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်နေကြ၍ ဘုရားသွားအတူ၊ စားအတူ၊ အိပ်အတူ တစ်ယောက်၏လည်ကို တစ်ယောက်ဖက်လျက်နေကြရာမှ ၄ရက် ၅ရက်မျှ ကြာသောအခါ မောင်ညွန့်၏မိဘများထံမှ စာတစ်စောင်ရသည်မှာ ... ငါ့သား မောင်ညွန့် ... ဤစာကိုရလျှင် အမြန်ပြန်လာခဲ့ပါ"ဟု ပါရှိသောကြောင့် မောင်ညွန့်သည် မိဘရပ်ထံကို ပြန်တော့မည်ဟုကြံသောအခါ မောင်ဖေရင်ကိုလည်း ၎င်းနှင့်အတူတူပဲခူး မြို့သို့ လိုက်ခဲ့၍ ပဲခူးမြို့မှ တစ်ဖန်လည်ပတ်ပြီးလျှင် မန္တလေးမြို့သို့ပြန်ရန်ကို အတန်တန်ပြောပါသော်လည်း မောင်ဖေရင်မှာ မောင်ညွန့်နှင့်နေရသည်မှာ အလွန်ပျော်မွေ့နှစ်သက် ချစ်ခင်ပါသော်လည်း တစ်ခါတစ်ခါဌမူကား အလွန်ဘာရာ စိတ်ညစ်စရာများပေါ်ပေါက်လျက် ရှိပေသောကြောင့် မလိုက်လိုကြောင်းကို အတန်တန် တောင်းပန်လေ၏။ ဤကဲ့သို့မရမက တောင်းပန်တိုးလျှိုးပြောဆိုသောကြောင့် မောင်ညွန့်သည် နောက်ထပ်မပြောတော့ဘဲ၊ မိမိအဝတ်အစားကလေးကိုသာ ရထားအချိန်နီးသောအခါ ဝမ်းနည်းစွာ ပြင်ဆင်ကာနေပြီးနောက် သွားတော့မည်ဟု ကြံသောအခါ "မောင်ဖေရင် ငါသွားတော့မယ်၊ မင်းက ငါချစ်သလို မချစ်လို့၊ ငါခေါ်တာတောင်မှ မလိုက်နိုင်ဘူး"ဟု ပြောဆိုပြီးလျှင် မောင်ဖေရင်ကို အတင်းပွေ့၍ နမ်းရှုပ်ပြီးနောက် ထွက်သွားလေ၏။ ထိုအခါ မောင်ဖေရင်သည် မောင်ညွန့်ကို ဝမ်းနည်းစွာ ကြည့်ရှုနေရာမှ လမ်းပေါ်သို့ကျသောအခါ ကပျာကယာ ထပြီးလျှင် "ကိုညွန့်ခဏနေပါဦး၊ ကျွန်တော်လည်းဘူတာရုံကို လိုက်ခဲ့ဦးမယ်ဟု ပြောဆို၍ မောင်ညွန့်၏ နောက်သို့လိုက်သွားပြီးလျှင် ဘူတာရုံသို့ ရောက်သောအခါ လက်မှတ်များဝယ်ပြီးနောက်၊

mgyoe.com

ရထားပေါ်သို့ တက်၍နေကြကာ၊ တစ်ယောက်၏နေရပ်ကို တစ်ယောက် မှတ်လျက် စကားပြောဆိုနေကြရာမှ ပထမခေါင်းလောင်းထိုးသောကြောင့် မောင်ဖေရင် သည် အောက်သို့ဆင်းပြီးလျှင် သံချောင်းကလေးကို ကိုင်၍ ငိုမဲ့မဲ့မျက်နှာကလေးဖြင့် မသာမယာ စကားပြော်ဆိုနေစဉ်ပင် ဒုတိယ ခေါင်းလောင်းထိုးသဖြင့် မောင်ညွှန့်သည် မိမိအိတ်ထဲမှ ကပျာကယာ နှိုက်ယူပြီးလျှင် "ရော့ ဖေရင် ... မင်း၂ဈေးသုံးဖို့"ဟု ပြောဆိုပြီးနောက်၊ ငွေများကို အိတ်ထဲသို့ အတင်းထည့်လိုက်လေ၏။ ထိုအခါ နှစ်ယောက်စလုံး မှာပင် ခွဲခွာကြရမည်ကို တွေးတော၍ မျက်ရည်များကျလျက် အလွန်တရာ မချိလှသော အမူအရာ ဖြစ်လျက်ရှိပေ၏။ ရထားကြီးလည်း ဥသြသံများဖြင့် ာစ်မြို့လုံးကို နှုတ်ဆက်လျက် လေးလံထိုင်းမှိုင်းစွာ မချိသော အမူအရာဖြင့် ာ:ယူကာ အနိုင်နိုင် ထွက်သွားရှာလေ၏။ မောင်ညွှန့်နှင့်မောင်ဖေရင်မှာ စ်ယောက်ကိုတစ်ယောက် ကြည့်လျက်နေကြရာ အတန်ဝေးကွာ၍ ၊ထားကြီးပျောက်သွားမှ တစ်ယောက်ကို တစ်ယောက် မကြည့်ရှုတော့ဘဲ၊ မောင်ဖေရင်မှာ မောင်ညွှန့်တည်းခိုသည့် အိမ်ကိုပင်ပြန်လာခဲ့ပြီးနောက် အလွန်တရာ မချိလှသော အမူအရာဖြင့် ညှိုးငယ်စွာဖြစ်ပြီးလျှင် ကျန်ရစ် ခဲ့ရှာလေ၏။

မောင်ညွှန့်သည် ပဲခူးမြို့သို့ရောက်ရှိပြီးနောက် ၄–၅ ရက်လောက် ကြာသောအခါ မောင်ဖေရင်ထံသို့ စာတစ်စောင် ပွဲစားကြီးထံသို့ စာတစ် စောင် အကျိုးအကြောင်းနှင့်တကွ ရေးသားထည့်လိုက်သောအခါ မောင်ဖေရင်ထံတွင် ပေးသောစာမှာ မိမိထံသို့ပြန်၍ ရောက်လာပေ၏။ ၎င်းနောက်များမကြာမီပင် ပွဲစားကြီးထံမှလည်း မောင်ဖေရင်သည် မောင်ညွှန့် ပြန်သွားပြီးသည်နောက် ၃–၄ရက် ကြာသောအခါ မည်သူမည်ဝါအားမျှ အကြောင်းအကျိုး တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ ထွက်သွားကြောင်းနှင့် ပြန်စာရသဖြင့် မောင်ဖေညွှန့်မှာ များစွာ စိတ်မချမ်းမသာ ဖြစ်လေ၏။ ထိုကဲ့သို့ စိတ်ဝမ်းမချမ်းမြေ့လှသောကြောင့် တစ်ဖန် မောင်ဖေရင် ပြောဆို သွားသည့် မန္တလေးမြို့က နေအိမ်သို့ ထောက်လှမ်း၍ စာကမ်းပါသော်လည်း

mgyoe.com

mgyoe.com


ထိုစာသည် မည်သည်ကိုမျှ မရောက်ဘဲ၊ မိမိထံကို သာပြန်၍လာပေ၏။ ထိုကြောင့် မောင်ညွှန့်မှာ မိမိညီရင်းတစ်ယောက် ပျောက်ဆုံးဘိသကဲ့သို့ မှတ်ထားပြီးလျှင် မရွှင်သောအမူအရာရှိလေ၏။

မောင်ညွှန့်သည် ဤကဲ့သို့ မောင်ဖေရင်၏ အပေါ်တွင် ချစ်ခြင်းတည်းဟူသော မေတ္တာစိတ်ကြီး ပြေပျောက်မေ့လျော့သွားလောက်သော ၄–၅ လလောက်တွင် ရန်ကုန်မြို့သို့ ကုန်စည်ဝယ်ချမ်းရန် သွားလေ၏။ ထိုအခါ မိမိလိုရာကုန်ကလေးများ ရသည်နှင့် တန်ခူးလရွှေမော်ဓောဘုရားပွဲအမီ ညရထားနှင့်ပြန်လာရာ မိမိနှင့် မလှမ်းကမ်းတစ်ခုသော ထောင့်တွင် တဘက်ကလေးကို ခေါင်းမြီးခြုံလျက် ညှိုးငယ်သော မျက်နှာဖြင့် မသက်မသာလိုက်ပါလာသော ခရီးသည် သူငယ်ပျိုမကလေး တစ်ယောက်ကို တွေ့ရလေလျှင် ထိုသူငယ်မကလေးသည် အနီးအပါး၌ အခြားသော ရွယ်တူ သူငယ်မကလေးများ အသက် ၂၀ ကျော် ၃၀ခန့်ရှိ မိန်းမဖော်များ ပါ ပါလျက် စကားတစ်ခွန်းမျှမပြောဘဲ၊ မိမိ ဖာသာလျှင် တစ်စုံတစ်ရာကို မျက်နှာသေကလေးနှင့် တွေးတောနေခြင်း လက္ခဏာကြောင့်တစ်ကြောင်း၊ ၎င်းပြင် အခြားသော သူငယ်မကလေး စသည်နှင့် အရွယ်အတော်ကန်ကြီး ရင့်သူတို့မှာ တစ်ယောက်ကို တစ်ယောက် လှည့်လျက် ဘယ် မင်းသားက ဘယ်လိုကတယ်၊ ဘယ်လို ဆိုတယ် စသည်ဖြင့် ရယ်ကာမောကာ ပြောဆိုနေကြသည်ကို ထောက်ချင့်ခြင်းအားဖြင့် ထိုသူငယ်ပျိုမကလေးသည် အပေါင်းအဖော်မပါသော အပူသည်ကလေးဖြစ်ကြောင်းကို သိရပေ၏။ တစ်ခါတစ်ခါ၌ မောင်ညွှန့်ဘက်သို့စောင်းကာ မိမိအသိလိုလို ကြည့်ရှုသော အခါမှ မောင်ညွှန့်မှာ မထင်မရှားသော မျက်နှာကလေးကို မြင်ရပေ၏။ ထိုအခါ မောင်ညွှန့်၏ စိတ်တွင်အောက်မေ့သည်မှာ "ဤသူငယ်မကလေးကို ငါတွေ့ဖူးပါတယ်။ ပန်းလှိုင်ဆိပ်ကလား၊ ဈေးပိုင်းကလား ညောင်ပိန်းကလား၊ သို့တည်းမဟုတ် မြို့ထဲ အုန်းပင်တန်းကလား၊ လိပ်ပြာကန်ကပဲလား၊ တို့ ဗိုင်းဂနိုင်းကလည်း မဟုတ်ပါဘူးလေ ...။ သြော် ... ပြည်မြို့ရွှေဆံတော်ဘုရားပေါ်မှာပဲ တွေ့ခဲ့သလား မပြောတတ်ပါဘူးလေ၊ တွေ့တော့ အမှန်တွေ့

mgyoe.com

mgyoe.com


ဖူးတာပဲ။ သူလည်း ငါ့ကို သိလို့သာ ခဏခဏ စောင်းစောင်းပြီး ကြည့်နေတာပဲ"ဟု လမ်းတစ်လျှောက်လုံး တွေးတော စဉ်းစား၍လာပါသော်ငြား လည်း စိတ်ထဲ၌ မပေါ်ပေါက်နိုင်ဘဲ ရှိနေသည့် အခိုက်မှာပင်ပဲခူးမြို့သို့ ဆိုက်ရောက်လာသောကြောင့်၊ သူငယ်ပျိုမ ကလေးသည် ထ၍ လုံချည်ကလေးများကို ပြင်ဆင်ဝတ်လဲပြီးနောက် ရေးနည်းအတူ တဘက်ကလေးကို ခေါင်းမှအုပ်ကာ ခြုံပြီးလျှင် မိမိအထုပ်ကလေးကို ဆွဲ၍ ဆင်းသွားလေ၏။

မောင်ညွှန့်သည် သူငယ်ပျိုမကလေး၏နောက် မလှမ်းကမ်းမှနေ၍ အကဲခတ်ပြီးလျှင် လိုက်သွားရာ ထိုသူငယ်မလေး၏ သွားပုံလာပုံကို မြင်သာအခါ ပြည်မြို့တွင် တွေ့မြင်ခဲ့ရသော မောင်ဖေရင်၏ အသွားအလာများစွာတူပေသောကြောင့် တစ်ဖန် မေ့လျက်ရှိသော မောင်ဖေရင်ကို ဒိရပြီးလျှင် များစွာ လွမ်းဆွတ်တမ်းတမိ ပြန်လေ၏။ ထိုအခါ ာင်ညွှန့်၏စိတ်မှာ "ဒီသူငယ်မကလေးဟာ မောင်ဖေရင်ပဲ ... မိန်းမယောင်ဆောင်ပြီး ငါ့ထံကိုလိုက်လာလေသလား"ဟု တွေးတောမိပေ၏။ လမ်းမကြီးပေါ်ရှိ ကုက္ကိုပင်အောက်သို့ရောက်သောအခါ သူငယ်ပျိုမကလေးသည် အသာရပ်လိုက်ပြီးနောက် နောက်သို့ လှည့်ကြည့်ပြီးမှ မောင်ညွှန့်အနီးသို့ ရောက်လာသောအခါ" လမ်းကြီးဟာ ဘုရားကို ရောက်ပါရဲ့လားရှင် ..."

"အဲသည်လမ်းကြီးကိုသာ တည့်တည့်လျှောက်သွား ရောက်တယ်။ ဘုရားကိုသွားတဲ့ လမ်းကြီးပဲ"

"ကျေးဇူးတင်ပါတယ်ရှင် ...၊ အခုသည်အရပ်ကကော ဘာအရပ်ခေါ်ပါသလဲ"

"ဒီအရပ်က ဖိုင်းဂနိုင်းလို့ ခေါ်တယ်၊ ဘုရားသွားမလို့လား"

"သြော် ... ဖိုင်းဂနိုင်းဆိုတာ သည်အရပ်ပဲကို...၊ ဟုတ်ကဲ့ ...ကျွန်မဘုရားသွားမလို့"ဟု ပြောဆိုပြီးလျှင် ထွက်သွားလေ၏။

ထိုအခါ မောင်ညွှန့်၏စိတ်မှာ "ဧကန်သည် သူငယ်မကလေးတော့ မရိုးဘူး၊ မောင်ဖေရင်ပဲ ထင်တာပဲ။ အသွားအလာကလည်းတူ၊ စကားပြောပုံ၊ လေယူပုံလေထုတ်ပုံနဲ့တကွ အသံကပါ တူသလိုလို ရှိတာပဲ။ မောင်ထဲမှာ

mgyoe.com

mgyoe.com


မို့ မျက်နှာတော့ မမြင်ရပေဘူး။ မျက်နှာကို မမြင်ရသော်လည်း မောင်ဖေရင်လို့ အတတ်စွဲလိုက်ရကောင်းမလား”ဟု တွေးတောသွားရင်းပင်၊ မိမိ၏ အိမ်ရှေ့သို့ ရောက်သည်နှင့် နောက်ဆံ တငင်ငင်ဖြစ်ပြီးလျှင် အိမ်ဝမှကြည့်ရှုနေရာ သူငယ်မကလေးသည် တဖြည်းဖြည်း သွားရာမှ ပျောက်ကွယ်သွားသည်နှင့် အိမ်ပေါ်သို့တက်သွားရရှာလေ၏။

သို့သော် မောင်ညွှန့်မှာ သူငယ်မကလေးကို တွေ့လိုက်ရပြီးနောက်ကောင်းစွာမနေနိုင် မထိုင်နိုင်တော့ဘဲ ရေမိုးချိုးပြီးလျှင် အဝတ်အစားများကို လဲလှယ်၍ တွေ့လိုတွေ့ငြား ဘုရားသို့လိုက်သွားပြီးနောက် ခေါက်တုံ့ခေါက်ပြန် လိုက်လံရှာဖွေနေရာ နောက်ဆုံး၌ ဘုရားကုန်းတော်ပေါ်တွင် အရှေ့ဘက်တန်ဆောင်းထဲမှနေ၍ ဘုရားဖူးလျက်နေသည်ကို တွေ့ရပေ၏။ ထိုအချိန်သည်ကား တန်ခူးလပြည့်နေ့ ညနာရီပြန်တစ်ချက် ကျော်ကျော်လောက်ရှိသွားပြီ ဖြစ်သောကြောင့် ဘုရားဖူးလျက်နေသော သူငယ်မကလေး၏ မျက်ခွက်ကို ကောင်းမွန်စွာ မြင်ရပေ၏။ ဤကဲ့သို့ မြင်ရသောအခါ မောင်ညွှန့်သည် တစ်ခုသော တန်ဆောင်းနားသို့ ကပ်ပြီးနောက်ကြည့်ရှု အကဲခတ်၍နေရာ သူငယ်မကလေး၏ မျက်နှာသည် လမင်းနှင့်အလှချင်းပြိုင်လျက်နေသည်တွင် တစ်ခါတစ်ခါ လမင်းကြီးကပင် ရှုံး၍ ရှက်ဘိသကဲ့သို့ တိမ်ကြားထဲတွင် ဝင်သွားပေ၏။ ဤကဲ့သို့ ကြည်လင်တောက်ပ အလွန်တရာလှသော မျက်နှာကလေးမျိုးကို မောင်ဖေရင်တွင် မောင်ညွှန့်တစ်ကြိမ်၊ ဤသူငယ်မကလေးတွင် တစ်ကြိမ်၊ ငါတွေ့မြင်ရပေပြီ။ ငါ၏အတွေးအထင်မှာ ဤသူငယ်မကလေးပင် မောင်ဖေရင်ဖြစ်ရော့သလား၊ အကယ်၍ မောင်ဖေရင်ဟု တပ်အပ် သေချာ စွဲရမှာကလည်း မောင်ဖေရင်မှာ သေးသွယ်၍ အနည်းငယ်မြင့်၏။ ဤသူငယ်မကလေးမှာကား မောင်ဖေရင်ထက် အနည်းငယ် ပြည့်ဝ၍ နိမ့်သောကိုယ်လုံး ကိုယ်ပေါက်ရှိပေသည်။ သို့သော် လူတို့မည်သည်မှာ ယောကျ်ားကဲ့သို့ ဝတ်ဆင်သောအခါ မြင့်သည်ဟု ထင်ရ၏။ မိန်းမကဲ့သို့ ဝတ်ဆင်သောအခါ၌မူကား ပုကွသည်ဟု ထင်ရခြင်းကား ကေန်မျက်စိကို လှည့်စားခြင်းဖြစ်ပေသည်ဟု တွေးတောနေခိုက်

mgyoe.com

တွင် ကာလသား ၃-၄ ယောက်တို့သည် ကျယ်လောင် ကျယ်လောင်နှင့် တောပြောတောင်ပြော မဖွယ်မရာသောစကားကို ပြောကြားကာ လာကြရာမှာ တစ်ယောက်လူက"ဟေ့ ဟိုမှာ များကလေးတစ်ယောက် တယ်ချောပါ ကလား၊ လာကွာ သွားပြီးစကားပြောရအောင်" ဟု ပြောကြားပြီးနောက် တန်ဆောင်းထဲသို့ အတင်းသွားရာ သူငယ်ပျိုမကလေးသည် ကပျာကယာ ဘုရားကို ဦးချပြီးနောက် ကုန်းတော်အောက် ပွဲရှိရာသို့ အတင်းဆင်းပြေး လာ၏။ မောင်ညွန့်မှာ မျက်ခြည်ပြတ်သွားသဖြင့် ထိုသူများကိုပင် သတ်ချင် စိတ်ပေါ်ပေါက်လျက်နှင့် လိုက်လံရှာဖွေနေရာ မိုးလင်းသည် တိုင်အောင် မတွေ့မြင်ရသောကြောင့် စိတ်အပျက်ကြီး ပျက်ပြီးလျှင် အိမ်သို့ပြန်၍စောင်ကို ခေါင်းမြီးခြုံကာ အိပ်လေရာ ထမင်းဟင်းကိုမျှ သတိမရ သည့်ပြင် အိမ်သူ အိမ်သား အားလုံးတို့ကိုလည်း စကားမပြောဘဲ အရူးကဲ့သို့ နေထိုင်လေ၏။ ထိုအခါမိဘနှင့်တကွာ ဆွေမျိုးညာတိတို့မှာ များစွာ စိတ်မချမ်းမသာရှိကြ သည်နှင့် ကောင်းဆိုသမျှ သမားတော်တို့နှင့်ကုသလျက် ရှိပေ၏။

တစ်နေ့သ၌ မိမိအိမ်တွင် နေ့စဉ်နေ့တိုင်း ဆွမ်းခံလျက်ရှိသော ဦးပဥ္စင်း ကလေး ဦးအာသဘသည် အကြောင်းအကျိုး စသည်များကို မေးမြန်းစုံစမ်း သောအခါ မိဘလုပ်သူတို့က လျှောက်ထားကြသဖြင့် သိရသောအခါ ဤရောဂါမျိုးကို မိမိကုသနိုင်ကြောင်းနှင့် ပြောပြ၍ မောင်ညွန့်ကို မိမိနေထိုင် လျက်ရှိသော မဟာစေတီကျောင်းတိုက်သို့ ခေါ်သွားလေ၏။ မောင်ညွန့်မှာ ဦးပဥ္စင်း ဦးအာသဘ၏ ဆေးဝါးတန်ခိုးကြောင့် ဝေဒနာသက်သာလာ ပြီးလျှင် စကားပြောဆို လာသောအခါ မောင်ညွန့်၏ ဖြစ်ပျက်ပုံ အလုံးစုံကို သေချာစစ်ဆေးမေးမြန်း ကြည့်ရှုရာ မောင်ညွန့်လည်း အဖြစ်အပျက်ဟူသမျှ တစ်လုံးတဝမကျန် ပြန်လှန်လျှောက်ထားသောကြောင့် ဤမျှလောက် ဒုက္ခကလေးနှင့် ဤမျှလောက်သော ဝေဒနာကြီးကို မခံစား မစွဲလမ်းသင့်ဖို့ရာ မိမိ၏ဒုက္ခကို ဥပမာပြသည်မှာ "မောင်ညွန့် ... ငါ့မှာမင်း၏ ဒုက္ခလောက်မက၊ ဟို ဝမ်းပဒေါက ငါ၏အဘ မောင်သာရကို ဓားပြ လူဆိုး သူခိုးကြီး ဘုန်းကြီးဗိုလ် ငါ၏ရှေ့တွင်ပင်လျှင် သတ်ဖြတ်သွားပြီး နောက် ငါ့အမိ

mgyoe.com

mgyoe.com


မဖွားမြနှင့် တကွ ငါနှမလေး ဖြနှစ်သမီး မရင်မေကိုပါတို့သုံးယောက် သားကို ခေါ်ဆောင်ပြီး ကုလားချောင်းခေါ် ရွာနားသို့ကျတော့ ငါ့မှာ မသွား မလာနိုင် ဖြစ်သည့် အတွက်ရက်ရက်စက်စက် တစ်ခါတည်းပစ်ထားခဲ့တယ်။ ငါ့နှမ ကလေးကိုတော့ ထမ်းပိုးချီယူပြီးသွားတယ်၊ အဲဒါနဲ့ ငါလည်းရွာထဲကို ဝင်တော့အိမ်ကြီး တစ်အိမ်မှာ လူမရှိဘဲနှင့် ငှက်ပျော်ခိုင်ကြီးကို တွေ့ပါရော၊ အားရပါးရ ဆာဆာနဲ့ စားလိုက်တုန်းမှာပဲ လူကြီးတစ်ယောက်ဟာ ငါ့လည်ပင်းကိုညှစ်ပြီး အတင်းငှက်ပျောသီးကို ထုတ်တာပဲ၊ ဘာကြောင့်လဲ ဆိုတော့ ဒီငှက်ပျောသီးက ဓားပြတွေစားရင် သေအောင် အဆိပ်ဆေးခပ် ထားတာလားကွဲ့ နောက်မကြာမီ ဘုန်းတော်ကြီးတစ်ပါး ပေါက်လာပြီး သူ့ကျောင်းကို ခေါ်သွားတာပဲ။ ဘုန်းကြီးကလည်း အကျိုးအကြောင်းကို ပြောပြတော့ ငါ့ကိုအင်မတန်သနားပြီး သားသမီးလိုထားတယ်။ ပြီးတော့ သူတတ်တဲ့ ဆေးဝါးမန္တရားနဲ့တကွ စုန်းပယောဂ ကုနည်းသနည်းတို့ကို ပေးတယ်။ ငါ့အသက် ၂၀ ပြည့်လို့ ရဟန်းခံခါနီးကျတော့ ငါ့ဆရာ ဘုန်းကြီး ပျံတော်မူတာနဲ့၊ ဝမ်းပဒေါ် ရွာက တို့ကြီးတော် ဒေါ်သေးသေးကလည်း ရဟန်းအစ်မပြုပေးလို့ ငါ ရဟန်းဖြစ်လာခဲ့ပြီး ငါ့နှမကလေး မရင်မေနဲ့ ငါ့ အမေ မဖွားမြတို့မှာ သေသည် ရှင်သည် ယခုထက်ထိ သတင်းမရတော့ဘူး။ အဲဒါလောက်များ မင်းဒုက္ခတွေ့ရမယ်ဆိုရင်တော့ ဘာပြောစရာရှိတော့မလဲ၊ ဒါကြောင့် ငါ့တပည့်လည်း တရားတွေ နှလုံးသွင်းပြီး ချစ်ခြင်း၊ ခင်ခြင်း မင်ခြင်းဆိုတဲ့ တဏှာ သံယောဇဉ်တွေကို မတပ်မက်ပါနဲ့ တပည့်ရယ် ...၊ ဦးဥင်းလိုပဲ တစ်ခါတည်း တောက်တောက် ခါးခါး ဖြတ်လိုက်ပါ" ဟု ပြောဆို သောအခါ မောင်ညွန့်သည် "ကောင်းပါပြီ ဖြတ်ပါတော့မယ်။ ဦးဥင်းလိုပဲ ရဟန်းပြု ပြီးနေပါတော့မယ်" ဟု အာမဝန်ခံပြီးလျှင် မိမိ၏ ဝေဒနာကင်းရှင်း ပျောက်သည်နှင့် အိမ်သို့ပြန်၍ ကောင်းမွန်စွာနေလေ၏။

ယခင်က သူငယ်ပျိုမကလေးသည် ဝမ်းပဒေါ်ရွာသို့ ရောက်သွား ပြီးနောက် မိမိ၏ဆွေမျိုးညာတိတို့ကို လိုက်လံစုံစမ်းမေးမြန်းရာ အချို့မှာ သေ၍ အချို့မှာမူကား မြို့ရွာဒေသပြောင်းရွှေ့သွားကြသောကြောင့်

mgyoe.com

mgyoe.com

ပျောက်ပျက်တိမ်မြုပ်၍ နေပေ၏။ မောင်တင့်ဖေမှာမူကား ရဟန်းပြုပြီးနောက်၊ပဲခူးမြို့မဟာ စေတီကျောင်းတိုက်တွင် သီတင်းသုံးနေကြောင်းကို ကြားသိရသောအခါ လွန်စွာအားရခြင်းဖြစ်ပြီးနောက် မည်သူ့အားမျှ နှုတ်မဆက်နိုင်ဘဲ လှေကြုံတွင်စီးကာ ပဲခူးမြို့သို့ တစ်ဖန်ပြန်လာခဲ့၍ ပဲခူးမြို့သို့ရောက်သောအခါ မဟာစေတီကျောင်းတိုက်ကို မေးမြန်းပြီးလျှင် လိုက်သွားလေ၏။ ထိုကျောင်းတိုက်သို့ ရောက်သောအခါ ဦးပဥ္ဇင်း ဦးအာသဘ နေထိုင်သည့် ကျောင်းကိုမေးမြန်းရာ ကျောင်းသားကလေးက ကျောင်းကို ညွှန်ပြသဖြင့် အားရဝမ်းသာစွာ တက်သွားပြီးနောက် ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ထိုင်နေသော ဦးပဥ္ဇင်းကိုရှိသေစွာ ဦးချသောအခါ ဦးပဥ္ဇင်းက "တကာမကလေး ဘယ်ကပါလဲ ဘာကိစ္စ ဦးပဥ္ဇင်းထံ လာသလဲ" ဟု အလွန်တရာ တည်တန့်သော မျက်နှာထားဖြင့် မေးကြားလိုက်သောအခါ "ဦးပဥ္ဇင်းဘွဲ့တော် ဦးအာသဘခေါ်တယ် မဟုတ်ပါလားဘုရား" ဟုမေးလိုက်ပြန်ရာ "အေးဟုတ်တယ်၊ နင်ဘယ်ကတုံး" ဟု ပြောဆိုသောအခါမှ "အမယ်လေး ကိုကိုရဲ့ ... ကျွန်မ ရင်မေပါပဲ" ဟု ဘာကိုမျှ ပြောရမှန်း မသိပြောဆိုမိပြီးလျှင် ဦးပဥ္ဇင်း၏ ခြေသလုံးကို ဖက်၍ငိုလေ၏။ ဦးပဥ္ဇင်းလည်း မရင်မေကို အပေါ်မှ စီး၍ ကြည့်ရှုနေပြီးနောက် အလွန်ခိုင်မာသောစိတ်သည် ဖောက်ပြားလာ၍ မျက်ကွင်းကြီးများ ညိုလာပြီးလျှင် မျက်လုံးကြီးတို့သည် နီရဲလျက် အလွန်ကြီးမားသော မျက်ရည်ပေါက်ကြီးတို့သည် မရင်မေ၏ ကျောကုန်းထက်သို့ ကျပေ၏။ မရင်မေ၏ မျက်ရည်များသည်လည်း ဦးပဥ္ဇင်း၏ သင်းပိုင်နှင့် ခြေဖမိုးပေါ်တွင် ရွှဲရွှဲစိုလျက်နေပေ၏။

အတန်ကြာသောအခါမှ ဦးပဥ္ဇင်းသည် မိမိစိတ်ကို ချုပ်တည်းပြီးနောက် မရင်မေ၏ အဖြစ်အပျက်စသည်များကို မေးကြားသောအခါ မရင်မေသည် မိမိ အမိဒသပုံနှင့်တကွ ဘုန်းကြီးဗိုလ် အတိဒုက္ခရောက်ပုံ၊ ၎င်းနောက် မိမိသည် သူတစ်ပါးအိမ်တွင် အစေအပါးအရာနှင့် ကြီးပွားလာခဲ့ရပြီးနောက်၊ ကြောက်မက်ဖွယ် ကောင်းလှသော ဘေးဒုက္ခကြီးများကို အလုံးစုံပြောပြပေ၏။ သို့သော် မိမိဆန်းဆန်းပြားပြား ကူးလူးသွားလာ

mgyoe.com

mgyoe.com

ပုံနှင့်တကွ မသင့်လျော်မည်ထင်သော အရာများကိုမူကား အနည်းငယ်မျှ မပြောပြချေ။ ဦးပဋင်းမှာ မရင်မေပြောပြသည်ကို နားထောင်ပြီးနောက် အတန်ကြာ တွေဝေ၍နေရာမှ သတိရပြီးလျှင် ...

ဦးပဋင်း ॥ ॥ "ကဲ မရင်မေ ... ငါလည်း မင်းတို့အကြောင်းကို ကြားရတာ အလွန်တရာမှ စိတ်မချမ်းမသာဖြစ်တယ်။ အဲသည်တော့ မင်းလည်း ငါ့စကားကိုနားထောင်၊ ငါပြောပြမယ်၊ လောကကြီးကို ငြီးငွေ့ပါ။ သံသရာ စက်ကြီးကို ရွံရှာပါ။ နိဗ္ဗာန်နဲ့ နီးအောင် ကြပ်ကြပ် ဆည်းကပ်ပါ။ အို တိုတို ပြောလိုက်တော့မယ် ရင်မေရယ် ... ခုဘဝမှာ သည်လောက် ဒုက္ခတွေ နေရမှဖြင့် ဘာကြောင့် လူ့အရိုပ်လူလုပ်နေချင်သေးသလဲ၊ ငါ့ကိုသာ ကြည့်ပါ၊ ဘိက္ခုနီမသာ လုပ်ပါ"ဟု ပြောဆိုသောအခါ မရင်မေသည် အတန်ကြာ စကားမပြောဘဲနေပြီးမှ "ကောင်းပါပြီဘုရား၊ တပည့်တော် မယ်သီလရှင်ပဲ လုပ်ပါတော့မယ်"ဟု ပဋိညာဉ် ပေးလိုက်လေ၏။

ဦးပဋင်း॥ ॥ "အင်း ... သို့သော်လည်း ငါက အလုပ်ခိုင်းလို့သာ စိတ်မပါဘဲနှင့်ဖြင့်လုပ်မနေနဲ့၊ ကိုယ်သဘောကျမှသာ လုပ်ပါ။ နို့မဟုတ် ဖွတ်သတ့် ညစ်နေပါဦးမယ်။ သီလရှင်တွေ တွေ့ရလွန်းလို့ ... ငါဖြင့် အလွန်ပဲ စက်ဆုတ်တယ်"

မရင်မေ॥ ॥ "တင်ပါဘုရား၊ ဒါဖြင့် တပည့်တော်မ ၃-၄ရက် လောက် စဉ်းစားပါရစေဦး"

ဦးဥင်း ॥ ॥ "အင်း ... ဒါလည်း ကောင်းရဲ့၊ သို့သော်လည်း ကျောင်းနဲ့ မာတုကာမဆိုတာကတော့ မအပ်စပ်ဘူး။ မအပ်စပ်ပေမဲ့ ကိုယ်နှမဖြစ်တော့ ပစ်လည်းမထားနိုင်ဘူး။ ကဲ ကျောင်းပေါ်မှာလည်း နေနိုင်အောင် မင်း ယောကျ်ားကလေးလိုပဲ အခု ၃-၄ရက် အတောအတွင်းမှာ လုပ်နေပေတော့ သည်တော့မှ အပ်စပ်မယ်"ဟု ပြောဆိုသောအခါ မရင်မေသည် ဘာစကား ကိုမျှ မပြောကြားသေးဘဲ ငြိမ်သက်စွာနေလေ၏။

မရင်မေ ॥ ॥ "ဦးဥင်း ပြောတာကတော့ အလွန်တရာ သင့်မြတ်ပါ တယ်ဘုရား၊ သို့သော်လည်း အဝတ်အစားမှ မရှိဘဲ"ဟု ပြောဆိုသောအခါ

mgyoe.com

mgyoe.com

ဦးပဥ္စင်းသည် မိမိအခန်းထဲသို့ ခေါ်သွားပြီးနောက် သေတ္တာကိုဖွင့်၍ "အဲဒီအထဲက ငွေ ၃၀ယူသွား၊ အဝတ်အစားများဝယ်ပြီး တော်ရာမှာလဲခဲ့"ဟု ပြောဆိုသောအခါ မရင်မေသည် ငွေ ၃၀ကို ယူသွားပြီးနောက် အဝတ်အစားများ ဝယ်ပြီးလျှင် တော်ရာမှာ ဝတ်ဆင်၍ ကျောင်းသို့ညနေ ၄နာရီခွဲလောက်ရှိသောအခါမှ ပြန်လာခဲ့လေ၏။ လှေကားအပေါ်ဆုံးထစ်သို့ ရောက်သောအခါ မရင်မေသည် ဦးပဥ္စင်းအနားတွင် ထိုင်လျက်ရှိသောသူကိုမြင်၍ အံ့အားသင့်ကာ ရပ်နေရာတွင် မောင်ညွှန့်သည် မောင်ဖေရင်ကို တွေ့သဖြင့် "အမယ်လေး မောင်ဖေရင်ရဲ့ ... မင့်ကို ငါလိုက်ရှာနေလိုက်တာ ကြာလှပြီ"ဟု ပြောဆိုပြီးလျှင် မရင်မေထံသို့ ပြေးလေ၏။ မရင်မေသည် ကပျာကယာ လှေကားမှဆင်းပြေးသောအခါ မောင်ညွှန့်သည်အတင်းလိုက်၍ ဖက်သောအခါ ဦးပဥ္စင်းသည် ကျောင်းပေါ်မှနေ၍ ... ဟဲ့ဟဲ့ မောင်ညွှန့် မလုပ်နဲ့ မလုပ်နဲ့ ... လွှတ်လိုက်ပါ။ ဘယ်က သူငယ်ကလေးလည်း မသိပါဘူး"ဟု ပြောသောအခါ "ဘယ်ကသူငယ်ကလေးမှ မဟုတ်ပါဘူးဘုရား တပည့်တော် အချစ်ဆုံးပျောက်နေတဲ့ မောင်ဖေရင်အစစ်ပါပဲ"ဟု ပြောဆိုပြီးလျှင် အတင်းဖက်၍ နမ်းလေ၏။ ဦးပဥ္စင်းသည် မျက်စိနှင့် အဆင်မပြေသောကြောင့် ကုလားထိုင်ပေါ်သို့ သွားရောက်ကာ ထိုင်ပြီးလျှင် မှိုင်တွေချလျက် ငေးမှိုင်ကာ ထိုင်၍နေလေ၏။

မောင်ညွှန့်။ ။ "အမယ်လေး မောင်ဖေရင်ရဲ့ မင့်အတွက် ငါ့မှာ အရူးကြီးဖြစ်နေတာပဲ၊မင်းကတော့ငါ့ကိုမေ့နေတာပေါ့လေ၊ငါ့မှာရွှေမောဓော ဘုရားပေါ်မှာလည်း မိန်းမကလေးတစ်ယောက်ကိုတွေ့တော့ မင်းနဲ့တူလွန်းလို့ မနေနိုင် မထိုင်နိုင်ဖြစ်ပြီး တစ်ခါတည်း ရူးတာပဲ၊ ဟောသည် ဦးပဥ္စင်းကုသလို့သာ ချမ်းသာတော့တယ်၊ မင်းကငါ့ကိုတော့ ဘယ်လောက်မှ မချစ်ဘူး"ဟုပြောဆိုပြီးလျှင် မချင့်မရဲရှိသည်နှင့် တောင်ဆွဲမြောက်ဆွဲ တွန်းလား၊ ထိုးလား၊ သတ်လား၊ ပုတ်လား၊ ကျားချစ် ချစ်သောအခါ မောင်ဖေရင်မှာ ယောကျ်ားစစ်မဟုတ် မိန်းမဖြစ်ကြောင်းကို ဤအခါမှ သိရသဖြင့် ရှေးကထက်အလွန်အကြူးသာလွန်ထူးပြီးလျှင်ချစ်ခင်လေ၏။ မောင်ဖေရင်ခေါ်

mgyoe.com

mgyoe.com


မရင်မေကလည်း ဤအခါမှ မိမိအကျိုးအကြောင်း စသည်များကို ပြောပြပြီးလျှင် မောင်ညွန့် ပြည်မြို့ပွဲစားကြီးအိမ်တွင် ရေချိုးမိခဲ့သည်ကိုပင် သတိရ၍ ရယ်စရာကလေး ပြောကြားပြီးနောက်၊ တစ်ယောက်နှင့် တစ်ယောက် မခွဲလောက်သာ သမီးရည်းစားဘဝသို့ ရောက်ကြလေ၏။ သို့သော် ဦးပဉ္ဇင်းမှာ ဇာတ်ရင်းအကန့် မသိသေးဘဲ ယောကျ်ားလေးကဲ့သို့ပင် ဝတ်ဆင်ထားလေ၏။ မောင်ညွန့်နှင့် မရင်မေတို့မှာ ဦးပဉ္ဇင်းမရိပ်မိသော လင်မယားဘဝသို့ ရောက်နေကြ ပြီးနောက် တစ်နေ့သ၌ ဦးပဉ္ဇင်းကျိန်းနေသည့်အခိုက်တွင် မောင်ညွန့်နှင့် မရင်မေတို့သည် ရွှေဂူကလေးဘုရားသို့ တိတ်တဆိတ် ထွက်သွားကြလေ၏။

ဘုရားပုထိုးများ ရှိခိုးပူဇော်ကြပြီးလျှင် မဇင်းချောင်းဘက်ကို လှည့်ထွက်၍ နှစ်ယောက်သား မြတ်လေးကြည်ဖြူ ချစ်ငွေ့ကလေးတလူလူနှင့် ချောင်းအထက်သို့ ဆန်တက်သွားသောအခါ ကျောက်ဖျာကလေးတစ်ခုကို ကိုင်းတောကလေး၏ အကြားတွင် တွေ့မြင်ရလျှင် မရင်မေမှာ အိပ်မက်သကဲ့သို့ဖြစ်ပြီးနောက် "ကိုကို ... ကျွန်မပဟောသည်နေရာကလေးကို ရောက်ဖူးတယ်လို့ အောက်မေ့တာပဲ၊ ဘယ်တုန်းကရောက်ဖူးသလဲဆိုတာ တော့ မပြောတတ်ဘူး"

မောင်ညွန့်။ ။ "အမယ် ပြောရဦးတော့မယ်။ ကိုကိုလည်း အဲသည် ကျောက်ဖျာကလေးပေါ်မှာ သူမကလေးတစ်ယောက်က လှကလှသနဲ့ တွေ့တာနဲ့ သူ့ကို ချစ်ချစ်ပြီး နေ့တိုင်းနေ့တိုင်းလာနေရာမှ ပျောက်သွားတယ်။ ကိုကိုမှာ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး တစ်နေ့ တွေ့ရနိုးနိုး၊ တစ်နေ့ မြင်ရနိုးနိုးနဲ့ နေ့ရှိသမျှလာနေရာမှ အမေတို့ အဖေတို့ သိသွားတော့မှပဲ၊ မလာရဘဲ နေရတယ်"ဟု ပြောပြီးလျှင် မျက်ရည်ကလေးများ လည်၍ လာသောအခါ"အို ...သတိရပြီ၊သတိရပြီ ကျွန်မပဲ ... ကိုကိုက ဟိုဘက်ကမ်းကနေပြီး လေးကလေးနဲ့ပစ်တော့ ကျွန်မသည်နေရာကနေပြီ သစ်ရွက်နဲ့ တောင် ခံသေးတယ်မဟုတ်လား"

မောင်ညွန့်။ ။ "အေး ... ဟုတ်လိုက်တာ၊ အမယ်လေး မရင်မေရဲ့

mgyoe.com

mgyoe.com


အခုမှ နာမည်ပါသတိရတော့တယ်။ လာ ...အရင်တုန်းကလိုပဲ တစ်ယောက်လည်ပင်းကို တစ်ယောက်ဖက်ပြီးတော့ အိပ်ကြစို့"ဟု ပြောဆိုပြီးနောက် မရင်မေ၏လည်ကို ဖက်လှဲကာ အိပ်လေ၏။ အတန်ကြာသောအခါမှ "ကိုကို ဟိုအထဲကပဲနော်၊ ကျားကြီးကြည့်နေလိုက်တာ၊ အမယ်လေး ... အခုတောင် ကြောက်နေသေးတယ်။ ပြောရင်းဆိုရင်းတောင် ကြက်သီးတွေ ထလာပြီ"ဟု ပြောဆိုပြီးလျှင် မောင်ညွန့်၏လည်ကို တစ်ဖန် ဖက်ထားပြန်လေ၏။

ထိုအခါ မောင်ညွန့်က "ကဲ ကဲ ... မရင်မေ ... မင်းနဲ့ကိုကိုနဲ့ဟာ သမီး ရည်းစားဘဝမှာ အချစ်ဆုံးမဟုတ်လား၊ ပြောစမ်းပါဦး"

မရင်မေ ။ ။ "ဘာကြောင့်လည်း ကိုကိုရဲ့"


မောင်ညွန့် ။ ။ "ဘာကြောင့်ဆိုတော့ ကလေးဘဝတုန်းက ဟော သည် နေရာမှာ တစ်ကြိမ်၊ ပြည်မြို့အိမ်မှာတစ်ကြိမ်၊ မီးရထားပေါ်မှာ တစ်ကြိမ် ရွှေမော်ဓောမှာတစ်ကြိမ်၊ ယခုတစ်ကြိမ် အကြိမ်ကြိမ်မှလွဲပြီး အနည်းနည်း ချစ်ရတာအချစ်ဆုံးဟု ပြောတာပေါ့ မရင်မေရဲ့ ... ကဲ မရင်မေ ကကော မချစ်ဘူးလား"ဟု မေးသောအခါ နှစ်ဦးစလုံးပင် ချစ်ပါတယ်ဟူသော စကားလုံးတစ်လုံးများကြောင့် ငှက်ကလေးပင် "ချစ်တယ် ချစ်တယ်" ဟု မြည်ကြလေ၏။ ၎င်းနောက် မောင်ညွန့်သည် မရင်မေကို တစ်ခါတည်း ကျောင်းသို့လိုက်၍ မပို့ဘဲ အိမ်သို့သာခေါ်သွားလေ၏။

ဒဂုန်မဂ္ဂဇင်း

❑

mgyoe.com

mgyoe.com



# သုံးနှစ်စောင့်ပါ

## အခန်း (၁)

နတ်တော်လကုန်၍ ပြာသိုလ ဆန်းစ၊ ဆောင်း သမယရာသီ၊ အသူရိန်ဒေါင်းမင်းသည် ဂေါယာနောက်နန်းသို့ အိပ်တန်းတက်၍ ညနေချမ်းအခါများသို့ ရောက်သောအခါ သစ်ချိုကြိုး အနီးရှိ တေးမငယ်ရွာကလေး၌ အထက်ကောင်းကင်မှာ မြူနှင်းများ ရီဝေမှိုင်းမို့၊ အာကာသ တပြင်လုံး၌ ဆို့၍နေလျှင် အလွန်အေးမြသောကြောင့် ရွာသူရွာသားတို့ သည် အလုပ်အကိုင်ဖြုတ်ခဲ့ကြပြီးလျှင် မိမိတို့အိမ်များ၌ ကိုယ်စီကိုယ်ငှ မီးဖိုကလေးများထည့်၍ ရိတ်ရတော့မည်ဆဲဆဲရှိသော လယ်များအကြောင်းကို ပြောဆိုရင်း မီးလှုံ၍နေတတ်ကြသဖြင့် ရွာရိုးတစ်လျှောက်၌ ဖောက်ထားသော လမ်းငယ်ကလေးတွင် လူသွားလူလာပြတ်၍ ရှင်းလင်းနေပြီးလျှင် ရွာတစ်ရွာလုံး၌လည်း တိတ်ဆိတ်၍နေတတ်လေ၏။

ဤသို့ လယ်ယာလုပ်ကိုင် စားသောက်ရလျက်၊ တောသူတောသားတို့သည် နေ့စဉ် မိမိတို့လယ်ယာများ၌ အောင်မြင်စွာသီးနေသော ကောက်ပင်များကိုကြည့်လျက် မိမိတို့ မိုးတွင်းက ကျွဲနွားများနှင့်အတူ ရွံ့ညွှံထဲတွင် ပင်ပန်းကြီးစွာလုပ်ကိုင်ခဲ့ရသော အကျိုးကိုခံစားရတော့မည်ဟု တွေး

mgyoe.com

gyoe.com 

တော၍ စိတ်နှလုံး ရွှင်ပျကြသော အချိန်ကာလ၊ တစ်နေ့သော ညနေခင်း အချိန်တွင် နေဝင်၍ နွင်းဝေလာပြီးလျှင် ရွာသူရွာသားတို့ မီးလှုံ၍နေသော အခိုက်၌ ရွာနောက်တပ် အပြင်ဘက်၊ တောစပ်ကလေးအနီးတွင် အလွန် ကြီးကျယ် ရှည်လျားမြင့်မောက်စွာ ပေါက်ရောက်နေသော လက်ပံပင်ကြီး တစ်ပင်အောက်တွင် တောသားကလေးတစ်ယောက်နှင့် တောသူမကလေး တစ်ယောက်တို့သည် တောသူမကလေးက လက်ပံပင်ကြီးကို မှီလျက် တောသားကလေးက အနီးရှိ တောင်ပို့ကလေးကို ဝါးတုတ်ကလေးတစ်ခု နှင့်ထောက်လျက် မိမိတို့ရှေ့တွင် မြောက်လေ သိမ်းခပ်သဖြင့် တောင်ဘက် သို့ ယိမ်းယိုင်ပျော့နွဲ့လဲ၍ နေကြသော ကောက် ပင်လယ်ပြင်ကြီးကို ငေးစိုက် ကြည့်ရှု၍ နေကြလေ၏။

မောင်ဘိုးထင်ဆိုသူ တောသားကလေးသည်ကား အသက်နှစ်ဆယ် ခလောက်ရှိ၏။ ၎င်း ဓားမငယ်ရွာဇာတိပင်ဖြစ်လျက် ငယ်စဉ်ကပင် မိဘ ပြုးဆွေများ သေကျေပျက်စီးကုန်သဖြင့် မိမိတစ်ယောက်တည်း ကျန်ရစ်ခဲ့ ရာ ရွာသူရွာသားများက သနားသဖြင့် ရွာထဲရှိ နွားများကို ကျောင်းစေ လျက် အစားအသောက်အဝတ်အထည်များကို စုဆောင်းဝယ်ယူ ပေးကမ်း ကြသဖြင့် အသက်ရှည်၍ လာရ၏။ သို့သော်လည်း မိဘမဲ့သော သားဖြစ် သဖြင့် ငယ်စဉ်အခါက ကလေးသူငယ်ချင်းချင်း ကျည်းသားရိုက်တမ်း၊ မျောက်ပန်းလှန်တမ်း၊ ခွေးရူးလိုက်တမ်း စသည်များကို တောသားတို့ ခလေ့ကစားကြလျှင် "ဟင် အဖေ အမေမရှိတဲ့သား၊ တို့အနားမလာနဲ့"ဟု သာ ဆို၍ နှင်လိုက်သဖြင့် အပေါင်းအဖော်များစွာမရှိတဲ့ မျက်နှာညှိုးငယ်စွာ နှင့် ပင်နေခဲ့ရ၏။ သို့သော်လည်း မောင်ဘိုးထင်သည် တစ်ပါးသူနှင့်မတူ ဘဲ သည်းခံတတ်ခြင်း၊ အနည်းငယ်နှင့် စိတ်မငယ်တတ်ခြင်း၊ လုံ့လဝီရိယ ရှိသဖြင့်အလုပ်အကိုင်ကောင်းခြင်း စသော တောသားကောင်းတို့၏ လက္ခဏာနှင့် ငယ်စဉ်ကပင် ပြည့်စုံသဖြင့် မည်သူကမည်ကဲ့သို့ပင် မခံချိ အောင် ပြောဆိုသော်လည်း ရန်တုံ့မမူဘဲလျက် အခြားသူငယ်များ မလိုလျှင် မပေါင်းသင်းဘဲ မိမိနွားများကိုသာ ဂရုစိုက်၍ ကြို့ပင်ကလေး တစ်ခုပေါ်

mgyoe.com

သို့ တက်ပြီးလျှင် နွားများကိုကြည့်ရင်း၊ ပလွေကလေးကို မှုတ်ကာ ပျော်ပါး တတ်၏။ ယခု အသက်နှစ်ဆယ် လောက်သို့ ရောက်၍ လူပျိုကလေးဖြစ် သောအခါ အခြားတောသားကလေးများကဲ့သို့ အနေအထိုင်၊ အပြောအဆို ကြမ်းတမ်းသည်မဟုတ်ဘဲ၊ သင်ပြဆုံးမမည့်သူ မရှိသော်လည်း မိမိပကတိ သဘောက ကောင်းသောသူဖြစ်သဖြင့် ရွာထဲရှိ လူကြီးတို့နှင့် ကောင်းမွန် သင့်မြတ်စွာ ပြောဆိုနေထိုင်နိုင်လေ၏။ လူပုံပန်းကလည်း ကြီးခိုင်မာချာ ချောမောလျက် ဆံပင်ကလည်းကောင်းသဖြင့် သျှောင်ထုံးကြီး ဘေးတွင်ချ ၍ ထုံးထားတတ်သဖြင့် မြို့သူများ၏ မျက်စိ၌တောကျလျက် သဘောမရ နိုင်သော်လည်း တောသူကလေးများ မျက်စိ၌မူကား မိမိလိုအပ်သော ယောကျ်ားပျိုကလေးတို့၌ သင့်ရှိအပ်သော လက္ခဏာများနှင့်ပြည့်စုံသောသူ တစ်ယောက်ပင်ဖြစ်၏။

သို့သော်လည်း ဤလောကကြီးကား၊ စွမ်းအားဗလ သတ္တိဗျတ္တိနှင့် ပြည့်စုံသော ယောကျ်ားကောင်း မိန်းမကောင်းကိုကား အလေးမမူ၊ "အမှန် သာ မှားတော့တယ်။ အခါးချိုကြတဲ့ ကာလညာဏ်၊ မြွေမူကားပျောက်ဖား သာမောက်လို့ ထက်အောက်ကယ် ပြောင်းပြန် လူမတရားတို့ ငွေစများမှ ဧကားသာ မှန်တော့တယ်၊ ကျမ်းဂန်စာပေကို လူတကာ ကဗျာရေးလို့ တေးဆိုကြပြန်"ဟု ဖိုးသူတော် ဦးမင်း စပ်ဆိုတော်မူခဲ့သကဲ့သို့ ပကာသန လောက၊ ဒင်္ဂါးလောက လူမိုက်လောကတည်းဟူသော ကလိယုဂ်လောက ကြီးဖြစ်၍နေသဖြင့် တောသူကလေးတို့သည် ယောကျ်ားပီသော်လည်း မိဘမရှိ ဆင်းရဲသော မောင်ဘိုးထင်ကိုကား လှည့်၍မျှမကြည့်ကြဘဲ၊ ဧက ငါးဆယ်ပိုင်သောသူ၊ ဧကတစ်ရာပိုင်သောသူများ၏ သားများကိုသာ ကြည့်လျက် မိမိတို့ဆိုင်ရာ ဆိုင်ရာကိုသာ မှန်း၍နေကြလေ၏။ သို့သော် လည်း မောင်ဘိုးထင်သည် မိမိကံတရားအတွက် ဝမ်းမနည်းဘဲ နွားတစ်ရှဉ်း၊ ထွန်တစ်တုံးကို နိုင်လျှင်ပင် လယ်ကြီးရှင်အိမ်၌ တစ်နှစ်လျှင် တင်းလေး ဆယ်ငါးဆယ်ပေးဖြင့် စာရင်းငှားလုပ်၍ မိမိရသမျှကလေးကို စုဆောင်း၍ ထားလေ၏။ ဤကဲ့သို့ စုဆောင်း၍ ထားသည်မှာလည်း လယ်ကြီးရှင်သား

mgyoe.com

mgyoe.com


များအား မှန်းဆချိန်တွယ်နေသော မိန်းမပျိုများအတွက် မဟုတ်။ ယခု မိမိရှေ့တွင် ရပ်နေသောသူ မိမိ၏ရည်စား မတင်မေကလေး အတွက်သာ ဖြစ်ပေ၏။

မတင်မေမှာလည်း ရှေးကုသိုလ်ကံအကျိုးပေးမှာ မိဘနှစ်ဖြာရှိသည်မှ တစ်ပါး ဆင်းရဲနွမ်းပါးသော အရာ၌ကား မောင်ဘိုးထင်ကဲ့သို့ပင် ဖြစ်၏။အမိနှင့်အဖဖြစ်သူများမှာ အိုမင်းမစွမ်းဖြစ်၍နေသောကြောင့် လယ်ယာကောင်းစွာ မလုပ်နိုင်သဖြင့် တစ်နှစ်နှင့်တစ်နှစ် စားရေရိက္ခာ ဆန်စပါး ပဲပြောင်းဆီဆေးဆားစသည်တို့မှ လုံလောက်ရန် မတင်မေသည် ငယ်ငယ်ကလေးကပင် ကောက်သင်းကောက်ခြင်း၊ ရွာထဲ၌ ဆန်ဖွပ်ခြင်း စသည်ဖြင့်သော စပါးကလေး ပိုက်ဆံကြေးငွေကလေးများဖြင့် ကူညီရပေ၏။ ...ဘင်မေသည် တဆယ့်လေးနှစ်လောက်အရွယ်သို့ရောက်လျှင်ပင် နဂို...ပ်ရည်ကလည်း လှပသည့်အပြင် သွားရ၊ လာရ၊ လုပ်ရ၊ ကိုင်ရသဖြင့် ဣရိယာပုတ်မျှတပြီးလျှင် ချမ်းသာကြွယ်ဝ၍ ငြိမ်းချမ်းစွာနေရသော သူငယ်မများကဲ့သို့ အညောင်းအညာ မရှိသဖြင့် ကိုယ်လုံးကိုယ်ပေါက်များ ထွားကြိုင်းဝဖြိုးလျက် မျက်နှာမှာလည်း ပြည့်တင်းသောကြောင့် တောကြီးထဲ၌ ကျေးငှက်သာရကာတို့ အနှောင့်အယှက်မှ ကင်းလွတ်သော တောငှက်ပျောဖူးကလေးများကဲ့သို့ တင်းမာဝင်းပြောင်လျက် အသားအသွေးမှာလည်း စိုပြေပြီးလျှင် အပြစ်မရှိသော လှပခြင်းနှင့်ပြည့်စုံပေ၏။

ချောမွေ့တင့်တယ်ခြင်းသည် မောင်ဘိုးထင်၌ အသုံးမကျသော်လည်း မတင်မေ၌မူကား "ဣတ္ထိယံရူပမခန်" ရုပ်ရည် ရူပကာယလှပခြင်းသည် မိန်းမတို့၌ ဥစ္စာမည်၏ဟု ဆိုဘိသကဲ့သို့ မတင်မေ၏ လှပခြင်းသည် ရွာထဲရှိယောကျ်ားပျိုကလေးများအား ရူးသွပ်လောက်အောင်ပင်ဖြစ်စေသဖြင့် လယ်ကြီးရှင်၏သားများသည် မတင်မေအား သူ့ထက်ငါသာ နောက်ပိုးကြလေ၏။ သို့သော်လည်း မတင်မေသည် အမြော်အမြင် လိမ္မာရေးခြားရှိ သဖြင့် "ဤအကောင်တွေ ငါ့ရုပ်ကြောင့်သာ ငါ့ကိုကြိုက်ကြသည်။ တကယ်ဆိုတော့ ယူချင်ကြသည်မဟုတ်ပေ"ဟု စဉ်းစားတွေးတောမိသည် တစ်ကြောင်း

mgyoe.com

mgyoe.com


မိမိအလုပ်အကိုင်များကြောင့် နောက်ပိုးများအား များစွာ ဂရုမစိုက်နိုင်သည် တစ်ကြောင်းများကြောင့်၊ မည်သူမျှမရဘဲနေခဲ၏။ ဤကဲ့သို့နေခဲ့ရာ ယခု ဝတ္ထုမစမီ တစ်နှစ်က လယ်ထဲတွင် ကောက်သင်းကောက်၍နေရာတွင် မောင်ဘိုးထင်သည် ပုလွေကလေးတစ်ချောင်းကို မှုတ်ရင်း၊ အနီးသို့လာ၍ သစ်ပင်ကလေးကိုမှီလျက် အခြားသူများကဲ့သို့ တောင်ကချောင်း၊ မြောက်က ချောင်း မဟုတ်ဘဲ၊ ရဲဝံ့စွာပင် "မတင်မေ မတင်မေကို ကျွန်တော်ဖြင့် မြင်က တည်းက ကြိုက်တာပဲ၊ကျွန်တော် ဆင်းရဲပေမဲ့ မိန်းမတစ်ယောက်ကိုတော့ လုပ်ကျွေးနိုင်ပါတယ်"ဟု ရိုးရိုးကြီး နှင့်ပင် ဖွင့်၍ပြောသဖြင့် မတင်မေလည်း တစ်ဦးနှင့်တစ်ဦး သင့်မြတ်သောကြောင့် အထူးပြောဆိုရန် မလိုဘဲ "ရှင် ကျွန်မကိုလိုချင်ရင် ကျွန်မ မိဘများကို ပြောပါ။ ကျွန်မအတွက်တော့ ပြောစရာမရှိပါဘူး"ဟု ရိုးရိုးကြီးပင် ပြန်၍ ပြောလိုက်၏။ ထိုနေ့ကမှ၍ မောင်ဘိုးထင်နှင့်မတင်မေတို့သည် တစ်ဦးနှင့် တစ်ဦး သမီးရည်းစားဘဝသို့ ရောက်ကြလေ၍ တစ်ရက်ထက် တစ်ရက်၊ တစ်လထက်တစ်လ မေတ္တာသာ ၍ ပွားများမြဲမြဲ ကြလေ၏။ မောင်ဘိုးထင်လည်း မတင်မေကို ကောင်းစွာ နေထိုင်စေလို သောဇောနှင့် လက်ထဲတွင် ငွေသုံးလေးရာလောက်ကိုင်မိမှ လူကြီးများနှင့် ပြောဆိုတောင်းရမ်းပြီးလျှင် အိမ်ကလေးတစ်ဆောင်ဆောက် ၍နေမည်ဟု စိတ်ကူးလျက် အလုပ်များကို အရင်ကထက် နှစ်ဆလောက် လုပ်ကိုင်၍ ငွေစုလေ၏။

ထိုအတောအတွင်း၌ ကမ္ဘာစစ်ကြီးဖြစ်၍ ကျွန်ုပ်တို့ မြန်မာပြည်က လည်း စစ်ကြီးအတွင်း၌ ဝင်ရောက်ကူညီရန် စစ်သည်တော်များ စုဆောင်း ရာ၊ ဓားမငယ်ရွာကလည်း လိုက်လိုသောသူများအား လိုက်ကြရန် ခွင့်ပြု ၍ စုဆောင်းလေ၏။ စုဆောင်းစက အမြောက်အမြားပင် ဝင်ရောက်ကြ သော်လည်း မောင်ဘိုးထင်သည် မိမိနှင့်မဆိုင်ဟု သဘောရ၍ အမှတ်မဲ့ သာနေလိုက်၏။ သို့သော်လည်း မကြာမီပင် စစ်သားစုဆောင်းသူ ဆရာ တစ်ယောက်က "စစ်ထဲသို့လိုက်သည်မှာ ကြောက်မက်ဖွယ်ကောင်းသည် ကားမှန်၏။ သို့သော်လည်း ကြောက်မက်ဖွယ်ကောင်းသည်ဟု မလိုက်ဘဲ

mgyoe.com

mgyoe.com

နေကြလျှင် ကျွန်ုပ်တို့မြန်မာပြည်သည် ယောက်ျားမရှိ၊ သူရဲဘောနည်းသည်ဟု တစ်ပါးလူမျိုးတို့ ကဲ့ရဲ့လိမ့်မည်။ လိုက်၍ တိုက်ခိုက်လိုက်ပါမှ မြန်မာများသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသည်။ အတိုက်အခိုက်ကောင်းသည်ဟု တစ်ကမ္ဘာလုံးက အချီးမွမ်းခံရမည်။ သို့မှ ကျွန်ုပ်တို့လည်း လူမျိုးအသီးသီးတို့နှင့်အတူ ထင်ပေါ်ကျော်စောမည်" စသည်ဖြင့်လည်းကောင်း၊ စစ်ထဲ၌ လခကြေး ငွေရ၍ စုဆောင်းထားနိုင်သည့်အပြင်လည်း ပြန်၍လာလျှင် ဆုတော် လာဘ်တော်အဖြစ်ဖြင့် လယ်ယာများသနားတော်မူမည်ဟူ၍ လည်းကောင်း၊ လာရောက် ဟောပြောသံကို ကြားရသောအခါ မောင်ဘိုးထင်သည် "အမိမြန်မာပြည် ကြီးခေါ်သံကိုကြားသည်"ဟုဆိုသကဲ့သို့ က်တွင်းက မိမိလူမျိုး မိမိတိုင်းပြည်၏ တန်ခိုးကို သယ်ပိုးလိုသော သဘော သည် ထကြွ၍လာသဖြင့် တစ်ခါတည်းမင်္ ဝင်ရောက် လက်မှတ်ထိုး က်လေ၏။

ထိုအကြောင်းကို မတင်မေကြားသောအခါ မသွားစေလိုသဖြင့် အဖန်ဖန်တားသော်လည်း ယခင်ကအကြောင်းများကို ပြန်ပြော၍ ပြန်လာသောအခါ လယ်ယာများ ဆုလာဘ်များရလိမ့်မည်။ ရလျှင် မတင်မေကို တောင်းယူ၍ မိမိတို့ လယ်ယာနှင့်နေနိုင်လိမ့်မည် အကြောင်းများကိုသာ စိတ်ထက်သန်စွာနှင့် ပြောပြသဖြင့် မတင်မေလည်း နောက်ထပ် မတားဘဲ ခွင့်ပြုလိုက်ရလေ၏။ တစ်လလောက်ကြာလျှင် လိုက်ပါရတော့မည်ဖြစ်၍ ၎င်းတစ်လအတွင်း၌ မတင်မေနှင့် မောင်ဘိုးထင်တို့သည် အလျင်ကထက် ပင် တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာနေပြီးလျှင် မောင်ဘိုးထင်မရှိသည့်အတွင်း မလွမ်းရန်၊ မေတ္တာ မပျက်ရန်၊ မမေ့ရန်များကိုသာ အကြိမ်ကြိမ်အဖန်ဖန် မှာကြားကြလေ၏။ ယခုလိုက်ပါသွားရတော့မည် ဖြစ်သော ညနေသို့ရောက်သောအခါလည်း တွေ့ဆုံနေကျ လက်ပံပင်ကြီးအောက်တွင် လာရောက်တွေ့ဆုံ၍ နောက်ဆုံး တစ်ယောက်ကိုတစ်ယောက်မှာကြား နေကြရာ သွားရကာနီးလေ မခွဲနိုင်အောင်ရှိလေဖြစ်၍နေသဖြင့် ဝမ်းထဲက ပူဆွေးလျက် စကားမပြောနိုင်ကြဘဲ၊ မိမိတို့ရှေ့ရှိ ယခင်ပြောခဲ့သော

mgyoe.com

လယ်ကွင်းကြီးများကို စိုက်၍ကြည့်နေကြလေ၏။

ယင်းကဲ့သို့ စိုက်၍ကြည့်နေကြရာ မောင်ဘိုးထင်၏ စိတ်၌မူကား မိမိ ထွန်နေကြ၊ ရိတ်နေကြ လယ်ကွင်းကြီးများတွင် စပါးပင်ကလေးတို့သည် အချို့အိ၍လဲလျက်၊ အချို့က မြောက်လေဖြူးသဖြင့် လယ်တစ်ပြင်လုံး၌ မြူး၍နေကြသည်ကို မြင်ရသောအခါ ဤအရပ်၊ဤဒေသ၊ ဤချစ်သူကလေးနှင့် မခွဲလိုလောက်အောင်ပင် ဖြစ်လျက်နေလေ၏။ မတင်မေမှာလည်း နှစ်တိုင်းကောက်ရိတ်လျှင် ဤလယ်ထဲ၌ မောင်ဘိုးထင် တကုန်းကုန်းနှင့် ကောက်ရိတ်နေသည်ကို မြင်နေကျဖြစ်လျက် ယခုတစ်ခါ ကောက်ရိတ်ချိန်တန်လျှင် မောင်ဘိုးထင်မရှိတော့မည်ဟု စဉ်းစားလျက် ပူဆွေးလွမ်းဆွတ်သဖြင့် မျက်ရည်များပင် လည်၍လာလေ၏။

ဤကဲ့သို့ အတန်ကြာ ကြည့်၍နေကျပြီးနောက် မောင်ဘိုးထင်သည် မတင်မေ၏ ညှိုးလျှလျှက်နေသော မျက်နှာကလေးကိုကြည့်လျက် "မတင်မေ ... ကိုဘိုးတင် သွားရင် လွမ်းနေမလား"

"အို ... လွမ်းနေမှာပေါ့"

"မလွမ်းဘူးလို့ စိတ်ကတင်းပြီး နေရစ်ခဲ့ပါ။ ကိုဘိုးထင် တစ်ခါထဲ သွားမှာမှ မဟုတ်တာဘဲ၊ မကြာခင် ပြန်လာရပါလိမ့်မယ်။ ကိုဘိုးထင် ပြန်လာတော့ လက်ကွက်ကလေး တစ်ခုရရင် ပျော်ပျော်ပါးပါး လုပ်ကိုင်စားကြရုံပေါ့။ ကိုဘိုးထင်ရတဲ့ လခကိုလည်း စာတိုက်က ပြန်ပြီး သူကြီးဆီကို ထည့်လိုက်ပါ့မယ်။ လတိုင်း လတိုင်း သွားတောင်းပေတော့နော်"

"မထည့်ပါနဲ့ ကိုဘိုးထင်ရယ်၊ ကိစ္စမရှိပါဘူး။ ကိုဘိုးထင်လခကို ကိုဘိုးထင်သာ ဟိုမှာ လောက်အောင်သုံးပါ။ တစ်ရပ်တစ်ကျေးမှာဆိုတာ အင်မတန် ကုန်ကျတတ်ပါတယ်။ ဟိုမှာ ဘယ်လောက်ကြာမလဲ"

"သေသေချာချာ မသိဘူး၊ သုံးနှစ်လောက်တော့ ကြာလိမ့်မယ် ပြောတာပဲ။ ဒီဟာကြောင့် ကိုဘိုးထင် စိတ်မချနိုင်တာပါ။ သုံးနှစ်သုံးမိုးဆိုတော့ မကြာဘူးဆိုတာတောင် တော်တော် စောင့်ရလိမ့်မယ်။ ဒီလောက်ကြာရင် မတင်မေ ကျုပ်ကိုမေ့မှာကို အင်မတန်စိုးရတယ်"

mgyoe.com

mgyoe.com

"အို ... ဘယ်တော့မှ မမေ့ပါဘူး"

"စောင့်ရတာ ညောင်းပြီး ပြောင်းများသွားမလား မတင်မေရယ်"

"အို ... မဟုတ်တာ ...။ ဒီဘဝမှာ ရှင့်အပြင်ကို ကျွန်မ ဘယ်တော့မှ စိတ်မကူးနိုင်ပါဘူး။ တစ်သက်လုံးသွားတယ်ဆိုတောင် မတင်မေ စောင့်ရစ်ပါ့မယ်၊ စိတ်သာချပါ"

"မတင်မေကတော့ ဟုတ်ပါတယ်၊ ကြောင်မရှိတုန်း ကြွက်ထတယ် ဆိုတာလိုပဲ၊ ကိုဘိုးထင် မရှိတုန်းကို တခြား ယောကျ်ားက ဝင်စပ်လို့ မတင်မေတို့ မိဘများသဘောတူပြီး ပေးစားလိုက်မှာကို စိုးရိမ်ပါတယ်။ မတင်မေ ... ကိုဘိုးထင်ကို တစ်ခု ကတိထားစမ်းပါ။ ကိုဘိုးထင်ကို သုံးနှစ် စောင့်ပါ့မယ်၊ ဒီအတောအတွင်းမှာ မပျက်မကွက်ပါဘူး။ သုံးနှစ်ကလွန်လို့မှ မပြန်ရင်တော့ ကိုဘိုးထင် တာဝန်ပဲ၊ ကိစ္စမရှိဘူး"

"အို သုံးနှစ်မကပါဘူး ..."

"ကိစ္စမရှိဘူး၊ သုံးနှစ်ပဲစောင့်ပါ။ သုံးနှစ်နဲ့မှ ပြန်မရောက်ရင်ဖြင့် စောင့်မနေပါနဲ့တော့ ...၊ မတင်မေ သဘောကျတာတွေ့ရင် ယူသာ ယူပေတော့နော်၊ သုံးနှစ်ဖြင့် ဆက်ဆက်ကြီး စောင့်ပါ"ဟု ပြောဆိုနေစဉ်ပင် ရွာဝက လှည်းများဆိုက်ရောက်လာသံကို ကြားသဖြင့် "ဟော လှည်းတွေလာကုန်ပြီ မတင်မေ၊ သုံးနှစ်ကျအောင် ဆက်ဆက်ကြီးစောင့်ပါနော်"ဟု ဆိုပြီးလျှင် မည်သည့်အခါမျှ မိမိချစ်သူကို လက်ဖျားနှင့်မျှ မကျူးလွန်ဘူးသော်လည်း စိတ်ထဲက နောက်ဆုံးပဲဟု အောက်မေ့ပြီးလျှင် မတင်မေအား ကြီးစွာသော မေတ္တာဇောနှင့် ပွေ့ဖက်နမ်းရှုပ်လေ၏။ မတင်မေလည်း ငြင်းဆန်ခြင်းမပြုဘဲ မိမိချစ်သူ၏ စိတ်မှပြေစေတော့ဟု သူသိမ်းရာသို့ ယိမ်း၍ပါလေ၏။ ထို့နောက်မှ လက်လွှတ်လိုက်ပြီးလျှင် "မတင်မေ ကိုဘိုးထင် ပြောခဲ့တဲ့ စကားကို မမေ့နဲ့နော်။ ကိုင်း ... မင်းလည်း ပြန်ပေတော့"ဟု ဆို၍ ချစ်သူ၏ အနီးမှ အနိုင်နိုင်စိတ်ကို တင်း၍ ခွဲခွာသွားလေ၏။ မတင်မေကလေးလည်း ရွာဝသို့ လိုက်သွားပြီးလျှင် လှည်းများထွက်၍သွားသောအခါ အလွန်လွမ်းဆွေး ကြေကွဲလှသဖြင့် လှည်းပေါ်မှလက်ပြ၍သွားသောသူကို မျက်ရည်

mgyoe.com

များကျလျက် ဆွေးလှသောစိတ်နှင့် မျက်စိတစ်ဆုံး မျှော်ငေးစိုက်ကြည့်ကာ ရွာဝတပ်ပေါက်နားတွင် ကျန်ရစ်ခဲ့လေ၏။

"တစ်နေဝင် မြင်ရနိုးနဲ့ တစ်မိုးသောက်ရောက်လာလိမ့်မယ်၊ ချစ်တဲ့ သူငယ်ကကျွမ်းကို လွမ်းပါဘိတယ်"ဟု ဆိုဘိသကဲ့သို့ မတင်မေကလေး သည် မောင်ဘိုးထင်က သုံးနှစ်လောက်ကြာမှ လာနိုင်လိမ့်မည်ဟု မှာသွား သော်လည်း သွားသည့်နေ့ကပင်စ၍ သူလာမည့်လမ်းသို့ မျှော်တမ်းကာ



myoe.com

နေမိလေ၏။ ၎င်းနှစ်ကောက်ရိတ်ချိန်သို့ ကျရောက်၍ တစ်ပါးကာလသား လူပျိုများ ကောက်ရိတ်နေကြလျှင် ကိုဘိုးထင်ရှိနိုးနိုးထင်လျက်၊ အနီးသို့ သွားရောက်ကြည့်ရှုမိလေ၏။ ကောက်ရိတ်ချိန်ကုန်၍ ကောက်လှိုင်းများ တလင်းပြင်သို့ရောက်လျှင် ကောက်သင်း ကောက်ထွက်ကြလေ၏။ မတင်မေမှာ နှစ်တိုင်း၌ တစ်ပါးသူထက် ကောက်သင်းကောက်ကောင်းသဖြင့် တစ်ပါးသူ သုံးစည်းရလျှင် သူက ခြောက်စည်းရနေကြဖြစ်သည်။ ယခုနှစ်မှာမူကား ကောက်သင်းကောက်ရာတွင် စစ်မြေပြင်သို့သွားလေသော ကိုဘိုးထင်ကိုသာ တယောင်ယောင် တရေးရေး၊ တဆွေးဆွေး တမြွေမြွေ အောက်မေ့၍သာနေသောကြောင့် အများတောင်းပြည့်မှ မိမိတွင် တစ်စည်း နှစ်စည်းသာရလေ၏။ တစ်ခါတစ်ရံလည်း ဘာမျှမပါဘဲ အိမ်သို့ လက်ချည်း ပြန်လာတတ်၏။

တစ်လတစ်ကြိမ် မောင်ဘိုးထင်ထံမှ ရန်ကုန်မြို့ကြီးသို့ ကောင်းစွာ ဆိုက်ရောက်ကြောင်း၊ မက်ဆိုပိုတေးမီးယားခေါ် စစ်မြေပြင်သို့ မည်သည့်နေ့က မည်သည့်သင်္ဘောဖြင့် ထွက်ခွာသွားကြောင်းများကို ရေး၍ပေးလိုက်နေကျဖြစ်သဖြင့် လဆန်းလျှင်ပင်၊ မြို့မှစာပို့ ကုလားအလာကိုစောင့်၍ နေမိလေ၏။စာပို့ကုလားလာရောက်၍ စာကလေးကိုရသဖြင့်မောင်ဘိုးထင်၏ လက်ရေးကလေးနှင့်စာကို ဖတ်လိုက်ရလျှင် ယခုပင် ကိုဘိုးထင်ပြန်၍ လာဘိသကဲ့သို့ စိတ်၌ထင်ရသောကြောင့် ၎င်းနေ့ ထမင်းမစားနိုင်အောင် ပင်ရှိလေ၏။

နွေဦးပေါက်၍ တောထဲသို့ ထင်းခွေသွားကြသောအခါလည်း မတင်မေသည် အပေါင်းအဖော်များနှင့်မလိုက်ဘဲ တစ်ယောက်တည်းခွဲခွာ၍ သွားတတ်လေ၏။ တောထဲသို့ရောက်သောအခါ ထင်းအနည်းငယ်မျှလောက်စ၍ ခွေမိလျှင်ပင် တစ်ပင်မှ တစ်ပင်သို့ သန်းပျံကူးယှက်လျက် ဘာသာဘာဝအလိုက် ပျော်ပါး ရွှင်ပျစွာ အော်မြည်တွန်ကြူး မောင်နှံစုံမြူးနေကြသော ကျေးငှက်ကလေးများကို မြင်လျှင် ကိုဘိုးထင်ကို သတိရလျက် စိတ်ထဲက လွမ်းဆွတ်ကြည်နူးကာ သစ်ပင်ရိပ်က ထိုင်၍ငှက်ကလေးများ

mgyoe.com

အား ငေးစိုက်ကြည့်ရှုနေတတ်လေ၏။ တစ်ခါတစ်ရံ ဟင်းရွက်ခူး ထွက်ကြ ပြန်လျှင်လည်း ဤသို့ပင်လျှင် ကိုဘိုးထင်၏အတွက်နှင့် စိတ်ရတက်မွေ ပြီးလျှင် အရင်က တောထဲက ကျေးငှက်ကလေးများကဲ့သို့ ပျော်ပါးရွှင်ပျ စွာနေတတ်သော မတင်မေကလေးသည် တမှိုင်မှိုင် တတွေတွေနှင့်သာနေ လျက် ငယ်မူများပျောက်လုမတတ် ရှိ၍နေလေ၏။ ထို့ကြောင့် မိဘနှစ်ပါး တို့မှာ မိမိတို့ခိုကိုး၍နေရသော သမီးကလေးသည် အလုပ်လည်း ကောင်းစွာ မလုပ်၊ အစားလည်း ကောင်းစွာ မစားနှင့် တဖြည်းဖြည်း တရွေ့ရွေ့ ကြုံလှီ၍သာ လာသောကြောင့် များစွာ စိုးရိမ်ကြလေ၏။

ဤသို့လျှင် တစ်နေ့ဝင်လျှင် ပေါ်လာနိုး၊ တစ်မိုးသောက်လျှင်ရောက် လာလိမ့်မည်နှင့်ပင်နေခဲ့ရာ တစ်နှစ်ကုန်၍ နောက်တစ်နှစ်သို့ ကူးပြီးလျှင် စပါးရိတ်ချိန်သို့ရောက်၍ လာပြန်လေ၏။ မတင်မေသည် ပထမနှစ်၌ များစွာ လွမ်းဆွတ်လျက် စိတ်ဒုက္ခကြီးစွာရောက်ရသော်လည်း အချိန်ကြာ သော် အနည်းငယ် သက်သာရသဖြင့် ယခုနှစ်၌မူကား အနည်းငယ် ရွှင်လန်း လျက် အလုပ်များလည်း မပျက်မကွက် လုပ်ကိုင်နိုင်၏။ သို့သော်လည်း မောင်ဘိုးထင်ကိုကား တစ်ရံတစ်ဆစ်မျှ မေ့ပျောက်သည်မရှိချေ။ အစဉ် အမှတ်ရလျက် ရက်များကိုသာ ရေတွက်၍ တစ်နေ့ထက်တစ်နေ့ သူပြန်ချိန် နီးသည်ကိုသာ စိတ်ထဲ၌ တွေးတောနေတတ်၏။

ငင်းနှစ်စပါးပေါ်ချိန်သို့ ရောက်သောအခါ မြို့မှစပါးပွဲစား မောင်စံ ညိန်းဆိုသူ တစ်ယောက်သည် စပါးဝယ်ရန် ရောက်၍လာလေ၏။ မောင် စံညိန်းမှာ မြို့သားဖြစ်သဖြင့် ဝတ်ပုံစားပုံလည်းလှပ၊ အပြောအဆိုလည်း ကောင်းသောကြောင့် ရွာထဲရှိမိန်းမပျိုတောသူမကလေးတို့သည် မိမိတို့ လယ်ကြီးရှင် တောသားကလေးများကို မေ့ပျောက်ပြီးလျှင် မောင်စံညိန်း၏ အကြောင်းကိုသာ ပြောဆိုလျက် တစ်ခါတစ်ရံ အထည်သည်လာလျှင် ခါတိုင်းကဲ့သို့ ရိုးရိုးနှင့် ကြာရှည်ဝတ်ရသော အဝတ်များကို မဝယ်ဘဲ၊ ပိတ်သရက်ထည် အင်္ကျီများ၊ မြို့သူကလေးများ အသုံးပြုသော ဇာချေးခံ အင်္ကျီများကိုသာဝယ်၍ သူ့ထက်ငါသာ ဝတ်စားဆင်ယင်ကြပြီးလျှင်

mgyi.com

မောင်စံညိန်းရွာထဲသို့ လျှောက်၍လာလျှင် အိမ်ရှေ့ကြမ်းပြင်တွင်ထွက်၍ ထိုင်သူထိုင်၊ အိမ်ခန်းထဲက ချောင်း၍ကြည့်သူများကလည်း ကြည့်ကြလေ၏။

ငင်းတို့ အထဲတွင် လယ်ဧကရာခန့်လောက်ပိုင်သော ဦးဖိုက်ကြီး၏ သမီး မစိန်ချစ်ဆိုသူမှာမူကား အများထက်ပင် မောင်စံညိန်းအား ဇမ္ဗူ သက်ဝင်၍နေသည့်ပြင် မောင်စံညိန်းမှာ မိမိဖခင်၏ထံတွင် စပါးဝယ် နေကျဖြစ်သဖြင့် မကြာခဏတွေ့မြင်ရခွင့်ရလေ၏။ မောင်စံညိန်း လာလျှင် အိမ်က ဆူပေ့ဆိုသော ဥစကြက်မကြီးများကို ရိုက်၍ ထမင်းကျွေးပြီးလျှင် မိုးအခါဖို့ဝယ်၍ထားသော ထန်းလျက်များနှင့်ကုန်မှန်းမသိ ဦးဖိုက်ကြီး၏ လက်ဖက်ခြောက်များနှင့် လက်ဖက်ရည်ကြို၍ တစ်နေ့လုံးတိုက်တတ်၏။ မောင်စံညိန်းဆိုသူမှာလည်း မိန်းမပျိုဆိုလျှင် ကြိုက်သည်ဖြစ်စေ၊ မကြိုက် သည်ဖြစ်စေ၊ ပိုးတတ်သည့်အပြင် တောရွာမှ ချမ်းသာသောသူ၏ သမီး တစ်ယောက်ကို ရလျှင်ယူမယ်ဟု စိတ်ကကြံရွယ်ထားသောသူတစ်ယောက် ဖြစ်သောကြောင့် စိတ်ထဲကအမှန် မကြိုက်သော်လည်း မစိန်ချစ်ကို မျက်နှာချို သွေး၍ နေပေ၏။

သို့သော်လည်း မစိန်ချစ်တွင် ငယ်စဉ်အခါက ချစ်ခဲ့ဖူးသော မောင်ရွှေညွှင်းဆိုသူကို အရေးမလုပ်ဘဲနေလေ၏။ မောင်ရွှေညွှင်းသည် မိမိအိမ်သို့ ခါတိုင်းကဲ့သို့ အလည်လာလျှင် မစိန်ချစ်သည် မသိယောင်ဆောင် လျက် ရှောင်၍နေ၏။ တစ်ခါတစ်ရံ မောင်ရွှေညွှင်းသည် အပေါင်းအဖော်များ နှင့် ပုလွေကလေးကိုမှုတ်လျက် သီချင်းဆို၍ ရွာရိုးသွားလျှောက် လာတတ် ၏။ အိမ်ရှေ့သို့ရောက်လျှင် မစိန်ချစ်သည် အိမ်တွင်းမှနေ၍ "ဟဲ့ခွေး ... ဟောင်လှချည်ကလား" စသည်ဖြင့် စောင်းမြောင်း၍ ဆိုတတ်၏။ မောင်ရွှေညွှင်းလည်း မစိန်ချစ်သည် မြို့သားကိုမြင်၍ မိမိအား ဤသို့ ပြုသည်ကိုသိသဖြင့် မြို့သားအားများစွာ မုန်းတီးလေ၏။ ဤသို့မုန်းတီး သည်မှာ မောင်ရွှေညွှင်းသာမဟုတ်၊ အရပ်ထဲက အပျိုများသည် မောင်စံညိန်း ကိုသာ အရေးယူလျက်နေသောကြောင့် အခြားတောသား လူပျိုအပေါင်း

mgyoe.com

mgyee.com

အဖော်များကလည်း များစွာမုန်းတီးကြလေ၏။ သို့သော်လည်း မောင်စံညိန်းသည် လည်ပတ်သော မြို့သားဖြစ်သဖြင့် ၎င်းအားရန်မူရန် အချက်မတွေ့နိုင်သောကြောင့် တောသားကလေးများမှာ နွားကျောင်းရာတွင်သာ စုဝေးတိုင်ပင်၍ အံတကြိတ်ကြိတ်နှင့် နေရကုန်၏။

## အခန်း (၂)

နွေဦးပေါက်၍ လာပြန်သောအခါ ဓားမငယ် ရွာကလေး၌ အလွန်သာ၍ လာပြန်လေ၏။ အနီးရှိ သစ်ချိုကြိုး အမည်ရှိသော တောထဲရှိ သစ်ပင်ဝါးပင်တို့သည်လည်း ရွက်ဟောင်းများကြွေလျက် ရွက်သစ်တွေ ထွက်စပြုပြီဖြစ်၏။ ၎င်းတို့အပေါ်၌လည်း ကျေးငှက်သာရကာတို့သည် ဘာသာဘာဝ၊ တစ်ပင်မှ တစ်ပင်ပျံကူးလျက် ကြားရသူတို့ လွမ်းဆွတ်ကြည်နူးဖွယ်ရာ အော်မြည်တွန်ကျူးသံများကိုလည်း ကြားရပေ၏။ ရေတွင်းဟောင်းကြီးအနီးရှိ ညောင်ပင်ကြီးပေါ်မှ ဆက်ရက်သံများကိုလည်း ကောင်းစွာကြားရလျက် ရွာထဲရှိအိမ်ကလေးများမှာ ရက်ကန်းလက်ခတ်သံ တချွင်ချွင်တို့ကိုလည်းကောင်း၊ သက်ငယ်ပြစ်ရင်း သီချင်းဆိုကြသော တောသူမကလေးများ၏ အသံကိုလည်းကောင်း၊ သစ်ပင်ရိပ်တွင်အိပ်လျက် မှုတ်နေသော တောသားကလေးတစ်ယောက်၏ မပီတပီပုလွေသံကလေးကိုလည်းကောင်း၊ ရွာဝမှ ခေတ္တရပ်နားနေသော ခရီးသည်များသည် ကောင်းစွာ ကြားနိုင်ပေ၏။

ဤကဲ့သို့သောအခါတွင် မတင်မေသည် အိမ်အောက်၌တစ်ယောက်တည်းထိုင်၍ ဆန်ပြာပြီးနေရာ၊ အနီးရှိ အိမ်တစ်အိမ်မှ အမယ်အို တစ်ယောက်သည် မြေးကလေးကို ချော့ရင်း၊ "ချစ်ဝဲ့သူငယ်လေ သူငယ်ချင်းကောင်းယောက်မတို့လေ၊ မြင်းမနိသား၊ မြင်းကြားခွာမည်း၊ တစ်လုံးတည်းနှင့်၊ အုံးလွဲပစ်တင် တိမ်မိုးမည်းနှင့် ကသည်းစစ်သို့၊ နှစ်မည်ဝင်သည် သံလွင့်ကို ရောက်ဘူးပါစရှင်၊ သံလွင့်ငယ်မှမက၊ မုတ္တမနှင့်၊ ဒလ တသွယ် ထားဝယ်၊

mgyee.com

တခြား၊ ယိုးဒယား၊ တလိုက် ကမန့်ပိုက်ကို တိုက်သောအခါမှ ဓားကိုသို့ကိုင်၊ လှံကိုသို့နုတ်၊ စစ်မြေပြင်မှာ ဝင်ကာခုတ်၍၊ တရုတ်ကယ် ရှမ်းပြည်၊ ထွားသွားငယ်ကြေ၊ အောင်လေပြီတဲ့၊ ဆီမလူးတဲ့ပေဖူးစာနှင့် မှာလိုက်ကဲ့ရှင်၊ အပျိုဖြူငယ်ကကျွမ်း၊ လွမ်းတုန်းထင့်လေး ...အေ ...အေ" ဟုခပ်အေးအေးဆို နေသော သီချင်းသံကလေးကို ကြားသောအခါ မတင်မေ မောင်ဘိုးထင်ကို ရုတ်တရက် သတိရလျက် တစ်ယောက်တည်း သွားလေသူကို စဉ်းစား လွမ်းတလျက် မျက်ရည်များ ကျလေ၏။

ထိုအတွင်းတွင်ပင် သူငယ်မဖော်တစ်သင်းတို့သည် အိမ်ရှေ့သို့ ရောက်လာ၍ "ဟော့ ... မတင်မေရေ တောထဲကို ဟင်းရွက်ခူးမလိုက်ဘူးလား၊ တော်တော်ကြာ နေကျတော့မယ်အေ"ဟု ခေါ်လိုက်ရာ မတင်မေလည်း ဆန့်ပြာရာမှ "ဒီနေ့မလိုက်တော့ဘူး မယ်ချစ်ရေ ... သွားတော့"

"အို ... မဟုတ်တာ လာပါအေ၊ ညည်းကလည်း ရွာထဲမှာနေရတာ ပျင်းစရာကြီး"ဟုဆို၍ ခေါ်သောကြောင့် ခေါင်းကိုတဘက်ကလေးပတ်ပြီး လျှင် ပလိုင်းကလေးကိုယူ၍ လိုက်သွားလေ၏။ ရွာဝသို့ရောက်ကြ၍ တစ်ယောက်က လယ်ထဲကိုသွားမယ်၊ တစ်ယောက်က တောထဲကိုသွားမည် ဟု ငြင်းခုံ၍နေကြစဉ်တွင် တောစပ်ကလေးအနီးရှိ လက်ပံပင်ကြီးဆီမှ "လာဟေ...နွား၊ သွားကောက်ချည်စို့၊ ပွင့်ခြောက်ကယ်တဲ့ အနားလန်၊ ဆရက်ညံ၊ လက်ပံပင်ကြွေချိန်ကျပြီမို့၊ မိဖလှ နင်လိုက်ဦးမလား၊ သုံးစိတ်ဝင် ထန်းလျှော် တောင်းရယ်နှင့် ဖော်းလန်မှပြန်ကြမယ်လေး..."ဟု အလွန် သာယာသော အသံကလေးနှင့် ဆွဲငင်ကာဆို၍နေသည်ကို ကြားသဖြင့် အားလုံးပင် ရပ်၍ သီချင်းသံလာရာသို့ ကြည့်ကာ နားစိုက်၍ ထောင်နေ ကြလေ၏။ သီချင်းသံ ကလေးလည်းဆက်၍ "အရိုးသာလုံး ကြေးတိုင်တုန်း က၊ တို့အိမ်ထောင်ကြန့်စုံတုန်း။ တစ်နေ့တုန်းကလဲကာသေ၊ သားရေနှင့် အမဲနံ၊ ကျူထရံရှိလေသေးစ ဘေးကြီးသင့် အမဲနံ လက်ပံနှင့်ချိုင်ရလျှင် ကျိုးနိုင်လျှင် မွမွပြောင်းတာမို့၊ ပြောင်းဆန်ကို မျိုမကျရယ်နှင့် မြိန်လှတယ် လေး"ဟုဆိုပြီးလျှင် လက်ပံပင်အောက်မှ သူငယ်မ တစ်ယောက်ပေါ်၍

mgyoe.com

mgyoe.com


လာပြီးလျှင်"ဟော့ ... မယ်ချစ်တို့ရေ လာကြဟော့၊ ဟောဒီမှာ လက်ပံပွင့်တွေ ပေါတယ်"ဟု ခေါ်လိုက်သဖြင့် အပျိုတစ်သင်းတို့လည်း လက်ပံပင်ဆီသို့ သွားရောက်၍ လက်ပံပွင့်ကောက်ကြလေ၏။

မတင်မေလည်း လက်ပံပွင့်အနည်းငယ်ကောက်ပြီးလျှင် မိမိတစ်ယောက်တည်းနေလိုသော စိတ်ရှိသဖြင့် "မယ်ချစ်ရေ ... ငါ ခတ်ချိုရိုး သွားခူးချေဦးမယ်"ဟုဆိုပြီးလျှင် တစ်ယောက်တည်း တောထဲသို့ဝင်၍ သွားလေ၏။ တောထဲတွင် ခတ်ချိုရိုးခူးရင်း တဖြည်းဖြည်းလျှောက်၍လာခဲ့ရာ သစ်တုံးကြီး တစ်ခု လဲ၍နေသောနေရာသို့ရောက်၍ မိမိအဖော်များနှင့် အတော်ဝေးပုံပေါက်မှ သစ်တုံးကြီးအနီးတွင် ထိုင်ပြီးလျှင် မောင်ဘိုးထင်၏အကြောင်းများနှင့် နောင်နှစ်ခါ ကိုဘိုးထင်လာ၍ မိမိတို့အိမ် မိမိတို့လယ်ယာကလေးများနှင့် နေရသောအခါ ဤကဲ့သို့ လက်ပံပွင့်ကလေးများ ခတ်ချိုရိုးကလေးများခူး၍ ချစ်သူနှင့်အတူတကွ ဟင်းချိုကလေးချက်၍ ငရုတ်သီးစပ်စပ်နှင့် ငါးပိထောင်းကလေးနှင့် မြိန်ယှက်စွာစားမည် စသည်များကို စဉ်းစားတွေးတော၍ နေလေ၏။

ဤကဲ့သို့ တစ်ယောက်တည်းထိုင်၍ စဉ်းစားနေရာ တောကြီးအတွင်း၌ ကျေးသံငှက်သံမှတစ်ပါး အခြားအသံမရှိဘဲ အလွန်ဆိတ်ငြိမ်လျက် အထက်မှ သစ်ခက်သစ်ကိုင်းတို့သည် စပ်ယှက်ဖြန့်ကား၍နေသဖြင့် နေပြောက်နေပူထိုးဘဲ၊ အေးမြ၍နေသောကြောင့် စဉ်းစား၍နေရင်း ဟင်းရွက်ခူးလာသည် မေ့မော်လျက် အိပ်ပျော်လုမတတ် ဖြစ်နေစဉ်တွင် အနီး "ဂျွတ်"ခနဲ သစ်ကိုင်းခြောက် ကြိုးသံကို ကြားလိုက်သဖြင့် မိမိဘေးပတ်လည်ကို ထ၍ကြည့်လိုက်ရာ မိမိ၏မနီးမဝေး၌ မောင်စံညိန်းရပ်၍နေသည်ကို မြင်ရလေ၏။ ထို့ကြောင့် မတင်မေသည် ထိုင်ရာမှ ကပျာကယာထ၍ သွားတော့မည်အပြုတွင် မောင်စံညိန်းက ရှေ့သို့တိုး၍ "မတင်မေ...နေပါဦးလေ၊ စကားကလေး တစ်ခွန်းပြောစရာရှိလို့ပါ"ဟု ဆို၍ တားသဖြင့် မတင်မေလည်း နောက်သို့လှည့်၍ "ဘာပြောစရာရှိလို့လဲ ..."

"ဟာ ... မတင်မေ ... ကျုပ်ပြောချင်တဲ့ စကားကို ကျုပ်မျက်စိထဲမှာ

mgyoe.com

mgyoe.com

ကြည့်ရင် သိပါလိမ့်မယ်"ဟု ဆိုသောအခါ မတင်မေမှာ တောသူရိုးရိုးကလေးပင်ဖြစ်၍ မောင်စံညိန်း၏ လှည့်ပတ်ခြင်းကို နားမလည်သောကြောင့် မျက်စိထဲကို သေချာစွာ စိုက်၍ကြည့်ပြီးလျှင် ...

"မသိဘူး... ရှင့် မျက်စိထဲမှာ ဘာမှ မမြင်ရဘူး၊ ဘာပြောချင်သလဲ" ဟု ပြန်၍မေးရာ မောင်စံညိမ်းက ရယ်လျက် ... "ရိုးလိုက်ပါဘိ မတင်မေရယ်၊ မတင်မေကို ကျုပ်မြင်ကတည်းက အသည်းစွဲချစ်နေတာပဲ၊ မတင်မေကလေးက ရိုးရိုးကလေးမို့ အားနာလို့ မပြောဘဲနေတာပါ။ အခုတော့ ကိုကိုညိမ်း မနေနိုင်လို့ ပြောရပါတော့တယ်။ မတင်မေကလေးက ဘယ့်နှယ်လဲ"ဟု ဆိုပြီးလျှင်မောင်စံညိန်းသည် မတင်မေအား မြို့သူကလေးများကဲ့သို့ ရတ်တရက် ထိုစကားမျိုးကို ပြောလိုက်လျှင် ဆဲလိုက်လိမ့်မည်။ မျက်နှာကို လက်အုပ်၍ ငိုလိမ့်မည်၊ အများကြားအောင် အော်လိုက်လိမ့်မည်" ဟု ထင်သော်လည်း မတင်မေသည် မျက်နှာ၌သွေးများတက်၍ ပေါက်ပွင့်ကဲ့သို့ ရတ်တရက်နီလွင်၍ သွားသည်မှတစ်ပါး အခြားတစ်စုံတစ်ခု ဣန္ဒြေမပျက်ဘဲ" ကိုစံညိန်း ... ရှင့်ကို ကျွန်မ ကြိုက်တယ်လည်း မဟုတ်ဘူး၊ မုန်းတယ်လည်း မဟုတ်ပါဘူး၊ နို့ပေမဲ့ ကျွန်မမှာ ဆိုင်တဲ့ လူရှိပါတယ်။ ဒီအပြင် တော်သင့်တဲ့ လူကိုသာရှာပြီး ကြိုက်ပါတော့"

"သြော်ရှိနှင့်ပြီးသားကိုး၊ ဘယ်သူလဲ"

"အို ... ဘယ်သူဖြစ်ဖြစ်ရှင်၊ မသိချင်ပါနဲ့"


"ကောင်းပါခင်ဗျား၊ ကောင်းပါပြီ။ ကျွန်တော် ပြောမိတာကိုသာ သည်းခံပါ။ မသိလို့ပြောမိတာဘဲ"

"အို ... ကျွန်မ စိတ်မကွက်ပါဘူး"ဟုဆို၍ ရွာဆီသို့ပြန်သွားလေ၏။ မောင်စံညိန်းလည်း နောက်ကပြုံးလျက် ကြည့်၍ ကျန်ရစ်ခဲ့လေ၏။

ကျွန်ုပ်တို့ ယခင်ပြောခဲ့သော မောင်စံညိန်းသည် တောသားမဟုတ်၊ ပါးနပ်လည်ပတ်သော မြို့သားဖြစ်သဖြင့် မတင်မေကဆိုင်တဲ့လူရှိပြီးသားပါဟု ပြောသော်လည်း စိတ်ပျက်လက်လျှော့သည်မဟုတ်ဘဲ၊ မရသည်ကို ရအောင် လုပ်နိုင်သည်ဟု ပြောဆိုနိုင်သော သတ္တိကို လိုလားသောသူဖြစ်

mgyoe.com

mgyoe.com

သည်လည်းတစ်ကြောင်း၊ မတင်မေအား ပိုးပန်းနေကြသော တောသား ကလေးများတို့၏ အပေါ်၌လည်း ကြွားဝါလိုသည်လည်း တစ်ကြောင်းများ ကြောင့်၊ မတင်မေကဆိုင်သူရှိပါသည်ဟုဆိုလျှင်ပင် မည်သည့်ခလုတ်ကို နှိပ်လိုက်က မည်သည့်စက်လည်နိုင်ကြောင်းကို တစ်ခါတည်းပင် တွေးတော ကြံစည်မိပြီးဖြစ်လေ၏။

mgyoe.com